# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 April 2022 ၁၀၇၁၇


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့** *ဖတ် စ ရာ*

**တောင်သူများ ဝင်ငွေတိုးဖို့ ပြည်တွင်းစပ်မျိုး ပြောင်းမျိုးများ တိုးချဲ့စိုက်ကြစို့**

စာမျက်နှာ » ၆



**(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ » ၉




**ထိန်းသိမ်းသင့်သော ငါး၊ ပုစွန် သယံဇာတ**

စာမျက်နှာ » ၁၁



# ရွှေပြည်သာမြို့နယ်၌ အိန္ဒိယနိုင်ငံက လှူဒါန်းသော ဆန်နှင့်ဂျုံအိတ်များအား ရပ်ကွက်၊ ကျေးရွာများသို့ ဖြန့်ဝေ

**ရွှေပြည်သာ ဧပြီ ၂၆**

အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ်လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၆) ရပ်ကွက် ကျောင်းကုန်းရှိ အစာစပ်စက်ရုံ၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာ ၂၇ ခုရှိပြီး လှူဒါန်းသည့် ဆန်အိတ် ၂၂၅၁၄ အိတ်၊ ဂျုံအိတ် ၄၅၀ တို့အား ပြည်သူများထံ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက စနစ်တကျခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များ ပြည်သူများထံ စနစ်တကျရောက်ရှိရေးအတွက် ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)




# ပြည်တွင်းဆီစားသုံးမှု လုံလောက်၍ စိုးရိမ်ဖွယ်မရှိ

မြန်မာနိုင်ငံတွင် ပြည်သူများအတွက် လက်ငင်းလိုအပ်ချက်များမှာ စက်သုံးဆီ၊ စားသုံးဆီနှင့် လျှပ်စစ်ဓာတ်အား ရရှိရေးဖြစ်သည်။ စက်သုံးဆီ၊ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လတ်တလောအခြေအနေနှင့် ဆောင်ရွက်နေမှုများကို နိုင်ငံတော်အစိုးရက ရှင်းလင်းပြောကြားထားပြီး ယခုအခါတွင် စားသုံးဆီနှင့်ပတ်သက်သည့် လတ်တလောဖြစ်ပေါ်နေမှုများကို အသိပေးထားသည်။

မြန်မာနိုင်ငံတွင် လူတစ်ယောက်သည် တစ်နှစ်လျှင် စားသုံးဆီ ၁၂ ကီလိုခန့် (၆ ပိဿာ၊ ၇ ပိဿာခန့်) စားသုံးသည်။ တစ်လလျှင် လူတစ်ယောက် ၆၀ သားသို့မဟုတ် ၇၅ ကျပ်သားခန့် စားသုံးမှုရှိနေသည်။ ပြည်သူများ နေ့စဉ် ဆီစားသုံးမှုမှာ တစ်နှစ်တာကာလအတွက် တန်ချိန် တစ်သန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ တန်ချိန် တစ်သန်းတွင် တန်ချိန်ရှစ်သိန်း (၈၀ ရာခိုင်နှုန်း) သည် စားအုန်းဆီ ဖြစ်သည်။ ကျန်ရှိသည့် တန်ချိန်နှစ်သိန်းမှာ ပြည်တွင်းထုတ်မြေပဲဆီနှင့် ပြည်ပမှတင်သွင်းသည့် နေကြာဆီ၊ ပဲပုပ်ဆီတို့ ဖြစ်သည်။

မြန်မာနိုင်ငံ၌ လုပ်ငန်းသုံးတွင် အဓိကအသုံးပြုကြသဖြင့် စားအုန်းဆီကို ပြည်ပမှ အများဆုံးတင်သွင်းနေရသည်။ မကြာသေးမီကာလများက ကမ္ဘာ့ဈေးကွက်အခြေအနေအရ စားအုန်းဆီဈေးနှုန်းများမှာ ယခင်ကထက် အဆများစွာ မြင့်တက်လာသည်။ အဓိကမှာ စားအုန်းဆီကို အများဆုံးထုတ်လုပ်တင်ပို့လျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု မူဝါဒဆိုင်ရာ ပြောင်းလဲချမှတ်မှုကြောင့် စားအုန်းဆီဈေးကွက်တွင် ဂယက်ရိုက်ခတ်မှုများရှိလာသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စားအုန်းဆီ ထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်သည်။ ဧပြီလ ၂၂ ရက်နေ့က ဥရောပတွင် ဖြစ်ပေါ်နေသော ပဋိပက္ခနှင့်ပတ်သက်၍ နေကြာဆီပြတ်လပ်မှုကို အကြောင်းပြုကာ မူဝါဒပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု မူဝါဒပြောင်းလဲမှုကို အကြောင်းပြု၍ ပြင်ပတွင် မမှန်သတင်းများ၊ ကောလာဟလသတင်းများ၊ ချဲ့ကားသတင်းများ ပေါ်ထွက်လာသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းကာ ပြည်ပမှ တင်သွင်းလာသည့် စားသုံးဆီများ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများနှင့် ပြည့်မီစေရေး၊ စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီများ သုံးစွဲနိုင်စေရေး၊ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် ကြီးကြပ်ထိန်းကျောင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပမှ တင်သွင်းလာသော စားသုံးဆီများဈေးကွက်အတွင်း၌ ဖြန့်ဖြူးရောင်းချရာတွင် ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများ ဖြစ်ပေါ်စေရေးအတွက် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ ဖြစ်ပေါ်ပြောင်းလဲမှုကို အခြေခံပြီး တွက်ချက်ရရှိသည့် ရည်ညွှန်းလက်ကားဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။ ဧပြီလ ၂၅ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေးနှုန်းမှာ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာအတွက် ငွေကျပ် ၅၆၂၀ ဈေး သတ်မှတ်ထားသည်။ ပြင်ပလက်လီအရောင်းဆိုင်များတွင်မူ ၎င်းဈေးနှုန်းထက် ပိုမိုဈေးတင်ရောင်းချကြသည်ကို တွေ့ရသည်။ ပြည်ပမှတင်သွင်းသည့် ပြည်တွင်း စားသုံးဆီသိုလှောင်ကန်များ၌ လက်ရှိတွင် စားအုန်းဆီလက်ကျန် တန်ချိန် သုံးသောင်းကျော် (ပိဿာချိန် သိန်းနှစ်ရာခန့်) ကျန်ရှိရာ လက်ရှိကာလ ပြည်တွင်းစားသုံးမှု လုံလောက်လျက်ရှိသည်။ ရန်ကုန်တွင်ကျန်ရှိသော စားသုံးဆီများကို အနယ်နယ်အရပ်ရပ်သို့ နေ့စဉ်ဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်ပမှ စားအုန်းဆီသင်္ဘောများလည်း ပုံမှန်ဝင်ရောက်လျက်ရှိသည်။

ထို့ကြောင့် ပြည်တွင်း၌ စားသုံးဆီပြတ်လပ်မှုမရှိစေရေး၊ ပြည်တွင်း စားသုံးဆီဈေးကွက် တည်ငြိမ်စေရေး၊ ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများဖြင့် ပြည်သူများဝယ်ယူစားသုံးနိုင်မှုရှိစေရေးတို့ကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးနေသဖြင့် စားအုန်းဆီနှင့်ပတ်သက်၍ ချဲ့ကားထုတ်လွှင့်နေသော ကောလာဟလမမှန်သတင်းများအပေါ် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်ဖွယ်မရှိသင့်ဟု အသိပေးလိုပါသည်။ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်သည်ကို အသိပေးအပ်ပါကြောင်း။ ။

# မစ္စတာ လင်ဇီ ကင်မ်ပိုး ကစ်ပ်တီနက်စ်အား မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဧပြီ ၂၇**

မစ္စတာ လင်ဇီ ကင်မ်ပိုး ကစ်ပ်တီနက်စ်အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ကင်ညာသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ လင်ဇီ ကင်မ်ပိုး ကစ်ပ်တီနက်စ် ကို ၁၉၆၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်တွင် မွားတက္ကသိုလ်မှ ပညာရေးဘွဲ့ကို လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် နိုင်ရိုဘီတက္ကသိုလ်မှ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးဘွဲ့လွန်ဒီပလိုမာကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် တူရကီနိုင်ငံ ဟက်ဆက်တက်ပ်တက္ကသိုလ်မှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှစတင်ကာ နိုင်ရိုဘီတက္ကသိုလ်တွင် နိုင်ငံတကာ လေ့လာရေးဆိုင်ရာ မဟာဘွဲ့အတွက် ကျမ်းပြုစုရေးသားလျက်ရှိသည်။ ၎င်းသည် ၁၉၉၃ ခုနှစ် မှ ၁၉၉၅ ခုနှစ်အထိ ဆာဂေါ့အလယ်တန်းကျောင်းတွင် ကျောင်းဆရာ/ ဒုတိယကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ၁၉၉၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ခရိုင်တာဝန်ခံအရာရှိအဖြစ် ထမ်းဆောင်ခဲ့ပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုအသိုက်အဝန်းများကို လှုံ့ဆော်ရေး၊ ပဋိပက္ခဖြေရှင်းရေးနှင့် အရင်းအမြစ်စီမံခန့်ခွဲရေးစသည့် ကိစ္စရပ်များတွင် သမ္မတ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာ လင်ဇီ ကင်မ်ပိုးကစ်ပ်တီနက်စ်သည် ၂၀၀၃ ခုနှစ်တွင် ကင်ညာနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ကင်ညာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘော့စ်ဝါနာနိုင်ငံရှိ ကင်ညာမဟာမင်းကြီးရုံး၊ ဆူဒန်နိုင်ငံရှိ ကင်ညာသံရုံးနှင့် တူရကီနိုင်ငံရှိ ကင်ညာသံရုံးတို့တွင် လည်းကောင်း၊ အစိုးရများအကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းတွင်လည်းကောင်း သံတမန်ရာထူးအသီးသီးဖြင့် ၂၀၁၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကင်ညာနိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန်ရုံး၌ ဒုတိယအကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အထိ အာရှ၊ ဩစတြေးလျနှင့် ပစိဖိတ်ကျွန်းနိုင်ငံများဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးရာထူးများဖြင့် တာဝန်များ အသီးသီး ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၂၁ ခုနှစ်မှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ သားသမီး လေးဦးရှိသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဧပြီ ၂၆**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆ – ၄ –၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၈၀၀ | ၇,၈၀၀ | ၃၇၆ | ၂,၉၃၂,၈၀၀ |
| MTSH | ၂,၆၅၀ | ၂,၇၀၀ | ၆၄၂ | ၁,၇၁၇,၉၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၄၀၀ | ၇,၂၀၀,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၁၀ | ၂၆,၅၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၅၀၀ | ၁၀ | ၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဧပြီ ၂၆**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၇၈.၃ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၈၂.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၀၇၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၈၀ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၁၅၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၃၄.၁ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၇.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၈.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၅၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်အိအိမွန်
စာပြင် – ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံရေးပါတီ ( ၂၃ ) ပါတီ၏

## ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ ( ၂၆ ) ရက်

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ( ၁၁ ) ရက်

၁။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှဖြစ်သော လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင်ရုပ်မြင်သံကြားမှ ဖိတ်ခေါ်ခဲ့ပါသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို တိုက်ရိုက်ရည်ညွှန်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် ရုပ်သံလွှင့်ကမ်းလှမ်းမှုက ပဋိပက္ခချုပ်ငြိမ်းရေး ရည်မှန်းချက်အပေါ် အလေးအနက်ထားမှုကို ဖော်ညွှန်းလျက်ရှိပါသည်။

၃။ ဖိတ်ခေါ်ကမ်းလှမ်းချက်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ရှင်းလင်းစွာ တွေ့မြင်ရပါသည်။

၄။ ငြိမ်းချမ်းရေးတည်ဆောက်မှု အောင်မြင်ရန်အတွက် အမှန်တကယ် ငြိမ်းချမ်းရေးရယူလိုစိတ်ရှိရန်သည် အခြေခံလိုအပ်ချက်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရန် စိတ်ရင်းစေတနာဖြင့် ကြိုးပမ်းမှုအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါသည်။

၅။ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ လုံခြုံမှု၊ စီးပွားဖွံ့ဖြိုးမှု၊ ချမ်းမြေ့ပျော်ရွှင်မှုတို့ကို ရှေးရှုလျက် သက်ဆိုင်သူအားလုံးက စိတ်ရင်းစေတနာဖြင့် ပူပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

| စဉ် အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|
| ၁။ ဦးသန်းဌေး | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | - |
| ၂။ ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | - |
| ၃။ ဦးသန်းထွန်း | ဒုဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | - |
| ၄။ ဒေါက်တာနေဇင်လတ် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်ရေးပါတီ | - |
| ၅။ ဦးတင်ဆွေ | ဒုဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | - |
| ၆။ ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | - |
| ၇။ ဦးသိမ်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | - |
| ၈။ ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | - |
| ၉။ ဦးရွှေမင်း(ခေါ်) ဆီဖာလာလူး | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | - |
| ၁၀။ ဦးမျိုးညွန့် | ဥက္ကဋ္ဌ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | - |
| ၁၁။ ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | - |
| ၁၂။ ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - |
| ၁၃။ ဦးဌေးအောင် | ဥက္ကဋ္ဌ | ပြည်သူ့အင်အားပါတီ | - |
| ၁၄။ ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | - |
| ၁၅။ ဦးသောင်းဦး | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ | - |
| ၁၆။ ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးပါတီ(UNFNP) | - |
| ၁၇။ ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမား အင်အားစုပါတီ | - |
| ၁၈။ ဦးကျော်စိန် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်မြင့်မားရေးပါတီ | - |
| ၁၉။ ဦးအောင်သန်း | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်ထောင်စုပါတီ | - |
| ၂၀။ ဦးကျော်ထွန်းနိုင် | ဒုဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - |
| ၂၁။ ဦးသန်းဦး | ဒုဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | - |
| ၂၂။ ဦးစောလွင်ငယ် | ဒုဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | - |
| ၂၃။ ဦးတန်ဝွန်း | ထွေ တွင်း/မှူး | လူထုပါတီ | - |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ခေါ်ကမ်းလှမ်းချက်အား ထောက်ခံခြင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခု၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၆)ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်၊ ဧပြီလ(၂၂)ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားရာ၌ ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးနှစ်အဖြစ် တွေ့ဆုံညှိနှိုင်းသွားရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင်(၂)ဦးစီ တက်ရောက်ကြရန် ဖိတ်ခေါ်ကြောင်း ဖော်ပြထားပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်(ဖိတ်ခေါ်ချက်)သည် စစ်မှန်သောငြိမ်းချမ်းရေးရရှိစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဖော်ဆောင်ခြင်းဖြစ်ပါသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ လေးနက်စွာ ကြိုဆိုထောက်ခံအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂) ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်း၌ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅) နှစ်တာကာလအတွင်း လွတ်လပ်ရေး၏အနှစ်သာရများကို တိုင်းရင်းသားများ အပြည့်အဝမခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးနှစ်အဖြစ် တွေ့ဆုံညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် (၂) ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့၏အရသာကို ရရှိခံစားနိုင်ရေးအတွက် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က လှိုက်လှဲစွာကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာ့အမျိုးသားရေးကွန်ရက်
## Myanmar National Network

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်**

ရက်စွဲ ။ ။ ၂၆-၄-၂၀၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၂-၄-၂၀၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအားလုံးကို ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် ငြိမ်းချမ်းရေးမိန့်ခွန်းတွင် ၇၅ နှစ် ကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝ မခံစားရသေးတာကို လက်ရှိပကတိဖြစ်ရပ်များကပြဆိုနေကြောင်း၊ အဓိကအကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ကြောင်း၊ ဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့အနှစ်သာရ၊ လွတ်လပ်ရေးရဲ့ အနှစ်သာရကို အပြည့်အဝခံစားနိုင်မှာဖြစ်ကြောင်း ပြောကြားထားသည်ကို တွေ့ရပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ အနေဖြင့် ကိုယ်တိုင်တက်ရောက်ရန်နှင့် ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် တွေ့ဆုံမည်ဖြစ်ပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားမည်ဟူသော ဖိတ်ခေါ်မှုမျိုးဖြင့် ဖိတ်ခေါ်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ဖိတ်ခေါ်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ခေါ်မှုသည် အပြုသဘောဆန်သော ဖိတ်ခေါ်မှုဖြစ်သည့်အတွက် ကြိုဆိုထောက်ခံရမည်ဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များအနေဖြင့်လည်း ရိုးသားပွင့်လင်းစွာ ပြည်သူ့အကျိုးကိုရှေးရှု၍ လက်နက်ကိုင်ပဋိပက္ခများကြောင့် အဘက်ဘက်မှ နိမ့်ကျနေသော တိုင်းပြည်အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ငြိမ်းချမ်းရေးမှတစ်ဆင့် တက်လှမ်းကြမည်ဖြစ်ရာ တိုင်းပြည်၏အဓိကလိုအပ်ချက်ဖြစ်သော "ငြိမ်းချမ်းရေးရရှိဖို့ ရိုးသားပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြရန်" အလေးအနက်တိုက်တွန်း တောင်းဆိုပါသည်။

**Myanmar National Network**

ဒေါ်အေးလေး
(ဥက္ကဋ္ဌ)

နော်တော်လေး
(အထွေထွေအတွင်းရေးမှူး)

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ကြေညာ

(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၀၂၂)ခုနှစ်၊ ဧပြီလ(၂၂) ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။

(၂) (၂၀၂၂)ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

(၃) ထိုသို့ပြောကြားချက်သည် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အရသာကိုခံစားနိုင်ရေးအတွက် ရှေးရှုဖော်ဆောင်ခြင်းဖြစ်ပါသည်။ "ရုပ်ရှင်သည် ပြည်သူ့အတွက်"ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများလိုလားတောင့်တသော ငြိမ်းချမ်းရေးလုပ်ဆောင်မှုကို ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**


# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E Mr.Somsak Thepsutin တို့ ဗန်ကောက်မြို့၌ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး တိုးမြှင့်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr. Somsak Thepsutin ၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရန် မေ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

**ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr.Somsak Thepsutin နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ယခုလက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 1511/22 ၏ အောင်မြင်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့(ONCB)မှ မူးယစ်ဆေးဝါးပြစ်မှုများနှင့်ဆက်နွှယ်၍ သိမ်းဆည်းထားရှိသော ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲပုံအဆင့်ဆင့်နှင့်အတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာအသုံးပြု ဖော်ထုတ်ဆောင်ရွက်နေမှု၊ သိမ်းဆည်းထားသည့် ဘဏ္ဍာသိမ်းပစ္စည်းများ လေလံတင်ရောင်းချမှုတို့ကို ကြည့်ရှုလေ့လာကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗန်ကောက်မြို့ရှိ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့၏ ဆိုင်မိုင်နယ်မြေရဲစခန်းနှင့် ရေကြောင်းရဲတပ်ဖွဲ့တို့မှ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှု၊ ရဲတပ်ဖွဲ့ဝင်များ၏ နေထိုင်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေး ဆောင်ရွက်ပေးမှုကို ကြည့်ရှုလေ့လာခဲ့သည်။

**တက်ရောက်**

ခရီးစဉ်တွင် အတူလိုက်ပါသွားသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Anantra Siam Bangkok Hotel အစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံမှ အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသည့် (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဒေသတွင်းမူးယစ်ဆေးဝါးအခြေအနေများ၊ ရွှေတြိဂံဒေသသို့ ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှု ထိန်းချုပ်ရေး၊ ဒေသတွင်းနှင့်ဒေသပြင်ပနိုင်ငံများသို့ မူးယစ်ဆေးဝါးများ ပျံ့နှံ့မှုမရှိစေရေး၊ နှစ်နိုင်ငံ အလိုရှိတရားခံများ ဖော်ထုတ်ဖမ်းဆီးရေးကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အရာရှိများ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ လူငယ်များအကြား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးကိစ္စရပ်များနှင့် (၂၄)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စရပ်များကို သဘောတူဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၅ ရက် ညနေပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၆**

AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force)၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

**အမြင်ချင်းဖလှယ်**

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၁) ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ လူသားချင်းစာနာထောက်ထားမှု အကူအညီများ လက်ခံခြင်းနှင့် နိုင်ငံတစ်ဝန်း ဖြန့်ဖြူးခြင်း လုပ်ငန်းများ အကောင်အထည်ဖော်မှု အတွေ့အကြုံများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ အစည်းအဝေး၌ ကမ္ဘောဒီးယားကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်စဉ်တွင် တွေ့ဆုံဆွေးနွေးခဲ့မှုများ၏ ရလဒ်များကို မှတ်သားခဲ့ကြသည်။



အစည်းအဝေး၌ ဒုတိယအဆင့် အကူအညီများအတွက် ကမ္ဘောဒီးယားမှ အဆိုပြုလာသည့် ဦးဆောင်ဦးရွက်ပြုမှုများ၊ ဒုတိယအဆင့် အကူအညီများအတွက် ပထမဆုံးအဆင့်ဖြစ်သည့် ပူးတွဲလေ့လာဆန်းစစ်မှု ဆောင်ရွက်ခြင်းနှင့် မူဝါဒဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေး၌ လူသားချင်းစာနာထောက်ထားမှု အကူအညီလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့နှင့် ပူးပေါင်းလျက် ဆက်လက်ကူညီဆောင်ရွက်သွားရန် ထပ်လောင်း အတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် တိုင်းရင်းသားတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကို သင်ကြားပို့ချနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ယူသည့်ကာလ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကို သက်ဆိုင်ရာ တိုင်းရင်းသားကျွမ်းကျင်ပညာရှင်များဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၌ သင်ကြားပို့ချနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)သည် ကရင်၊ မွန်၊ ရခိုင်တိုင်းရင်းသားသုံးမျိုးတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)သည် ကချင်၊ ကယား၊ ချင်း၊ ရှမ်း တိုင်းရင်းသားလေးမျိုးတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကို လည်းကောင်း သင်ကြားပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ တိုင်းရင်းသားတို့၏ ရိုးရာဂီတနှင့်အကဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ ခန့်ထားရန်အတွက် ဝန်ထမ်းဖွဲ့စည်းပုံကိုလည်း တင်ပြခွင့်ပြုချက် ရရှိခဲ့ပြီးဖြစ်သည်။



**သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲ**

ယခုအခါ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကိုယ်စားလှယ်အဖွဲ့သည် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့တို့၏ အကူအညီဖြင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အဖွဲ့များနှင့် သွားရောက်တွေ့ဆုံ၍ တိုင်းရင်းသားတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များ သင်ကြားပို့ချနိုင်ရေး သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သည်လည်း သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်၊ ၄၀ /၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦးပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းရာတွင် -

(က) သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်-

(၁) အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။

(ခ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အငြိမ်းစားမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၀ ဦးကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဂ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၅ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်-

(၁) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။"

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) နာယကအဖွဲ့သည် လက်ရှိကောင်စီ သက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကောင်စီအသစ်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းစေရမည်။"

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) လက်ရှိကောင်စီသည် ကောင်စီအသစ် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းကို ကြိုဆိုထောက်ခံသည့်သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၂ ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။

အဆိုပါ မိန့်ခွန်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅) နှစ်တာကာလအတွင်း လွတ်လပ်ရေး၏အနှစ်သာရများကို တိုင်းရင်းသားများအပြည့်အဝ မခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေးရရှိစေရန်နှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန်ရည်ရွယ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် နှစ်ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနိုးဆော်ချက်ဖြစ်သဖြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ နိုင်ငံရေးပါတီ ၂၃ ပါတီ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာ့အမျိုးသားရေးကွန်ရက်တို့က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်များကို ယနေ့တွင် အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လူငယ်များအနာဂတ်ပိုမိုလှပစေမည့် ဆန်းသစ်တီထွင်မှုများ ဖန်တီးလာနိုင်စေရန် မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ် တည်ထောင်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၂) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ကမ္ဘာ့မူပိုင်ခွင့်နေ့ အခမ်းအနားများကိုကျင်းပခဲ့ရာ ယခုအကြိမ်သည် (၈)ကြိမ်မြောက်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင်ကျရောက်သည့် ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ဦးဆောင်ကျင်းပခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

မူပိုင်ခွင့်များကိုထိရောက်စွာ အကာအကွယ်ပေးနိုင်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာစေနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်စေခြင်းဖြင့် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာနိုင်ခြင်း၊ တီထွင်ဖန်တီးသူနှင့် သုံးစွဲသူများအကြား အကျိုးအမြတ်ကို မျှတစွာခွဲဝေခံစားစေခြင်းအားဖြင့် စာပေနှင့် အနုပညာ၊ စက်မှုလက်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုများ ပေါ်ထွန်းလာနိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ရာ မူပိုင်ခွင့်ကဏ္ဍအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။



ယခုနှစ်ကမ္ဘာ့မူပိုင်ခွင့်နေ့ ဆောင်ပုဒ်နှင့်အညီ ယနေ့ခေတ်လူငယ်များ အနာဂတ်ပိုမိုလှပစေမည့် ဆန်းသစ်တီထွင်မှုများဖန်တီးလာနိုင်စေရန် မူပိုင်ခွင့် အကာအကွယ်ပေးခြင်းစနစ် တည်ထောင်ရာတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးညွန့်အောင်က အမှာစကားပြောကြားပြီး မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့မူပိုင်ခွင့်နေ့အထိမ်းအမှတ် လက်ရာများနှင့် မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားမှုမှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၂) အထိမ်းအမှတ် ကဗျာ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများနှင့် ဂုဏ်ပြုတေး ရေးစပ်သီကုံးသူ၊ တီးခတ်ပေးခဲ့သူများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများက Inperson ဖြင့်လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက အွန်လိုင်းဖြင့် လည်းကောင်း တက်ရောက်ကြသည်။

ယခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့ ဆောင်ပုဒ်မှာ IP and Youth; Innovating for A Better Future "မူပိုင်ခွင့်နှင့် ယနေ့လူငယ်၊ အနာဂတ်လှပစေဖို့ ဆန်းသစ်တီထွင်ကြပါစို့" ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တောင်သူများဝင်ငွေတိုးဖို့ ပြည်တွင်းစပ်မျိုး ပြောင်းမျိုးများ တိုးချဲ့စိုက်ကြစို့

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

ကမ္ဘာပေါ်တွင် လူနှင့် တိရစ္ဆာန်များ စားသုံးရန်အတွက် နှံစားသီးနှံအဖြစ် ဂျုံ၊ ဆန်စပါးနှင့် ပြောင်းဖူးကို အဓိကစိုက်ပျိုးထုတ်လုပ်ကြသည်။ မြန်မာနိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်သော တိရစ္ဆာန်စာလိုအပ်ချက် ဖြည့်တင်းရန်၊ ဆန်အစား ပြောင်းဖူးအဓိကထားသော ဒေသများသို့ ဖြည့်တင်းပေးရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိရန် စိုက်ပျိုးထုတ်လုပ်လျက် ရှိပါသည်။



### အရေးကြီးသီးနှံများအနက်တစ်ခု

မြန်မာနိုင်ငံတွင် ပြောင်းဖူးသည် အရေးကြီးသီးနှံများအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်မှုအများဆုံးကို ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းတို့တွင် တွေ့ရှိရပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးများဖြစ်သော စစ်ကိုင်း၊ မန္တလေး၊ ဧရာဝတီ၊ မကွေးတိုင်းဒေသကြီးများနှင့် ကယား၊ ချင်း၊ ကရင်ပြည်နယ်တို့တွင် တွင်ကျယ်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ပြောင်းဖူးစိုက်ပျိုးရေးနှင့်ပတ်သက်၍ တောင်သူအခေါ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ အစေ့ထုတ်ပြောင်းကို အစေ့နှင့် ပြောင်းဖူးဖက်အတွက် အဓိကစိုက်ပျိုးပြီး ဖူးစားပြောင်းကို ဟင်းသီးဟင်းရွက်အဖြစ် ကြော်စား၊ ပြုတ်စားခြင်း၊ ဟင်းချိုပြုလုပ်ခြင်း စသည့်နည်းများဖြင့် စားသောက်ဖွယ်ရာပြုလုပ်၍ စားသုံးကြသည်။ သို့သော် မိုးခေါင်ရေရှားရပ်ဝန်းရှိ အချို့သော မြို့နယ်ကျေးရွာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့၌ ပြောင်းဖူးစေ့ကို ထမင်းအဖြစ် ချက်စားကြသည်။ ဖူးစားပြောင်းအဖြစ် စိုက်ပျိုးသော မျိုးအုပ်စုများမှာ ကော်ပျော့ပြောင်း၊ ပြောင်းစေးနှင့် သကြားပြောင်းတို့ ဖြစ်ကြသည်။

ယခုအခါ လူနေမှုစနစ်နှင့် သမမျှတသော စားသောက်မှုပုံစံတို့ ပြောင်းလဲလာသည်နှင့်အမျှ မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနေပြီ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွင်း အစေ့ထုတ်ပြောင်းလိုအပ်ချက်ကို ဖြည့်တင်းပေးရန်၊ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်နေသဖြင့် အစေ့ထုတ်ပြောင်း ထုတ်လုပ်မှုမြင့်တက်လာစေရန် လိုအပ်လျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် ပြောင်းဖူးသီးနှံကို အမျိုးမျိုးအသုံးပြုကြသည်။ ပြောင်းဖူးပင်၏ မြိတ်ဆာကို ဆေးဖက်ဝင် လက်ဖက်ခြောက်အဖြစ် လည်းကောင်း၊ ပြောင်းဖူးအူတိုင်ကို ပလတ်စတစ်အစားထိုး လက်ကိုင်ဖုန်းများအဖြစ် လည်းကောင်း၊ ပြောင်းစေးမှ အရည်အသွေးကောင်းကော်၊ ပြောင်းစေ့မှ ပြောင်းဖူးဆီ၊ ပြောင်းဖူးပင်စည်မှ ဇီဝလောင်စာဆီ (Bio-ethanol) အထိ တိုးတက်ထုတ်လုပ်နေပြီ ဖြစ်သောကြောင့် စက်မှုထုတ်ကုန်များ မြန်မာနိုင်ငံတွင် တိုးတက်ထုတ်လုပ်လာနိုင်ပါက နိုင်ငံအတွင်း အစေ့ထုတ်ပြောင်း လိုအပ်ချက်မြင့်မားလာမည်ဖြစ်ရာ ပိုလျှံသည်များကိုလည်း ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေသော သီးနှံဖြစ်သည်။

### ပြောင်းဖူးသီးနှံ ကြိုက်နှစ်သက်သော ရာသီဥတုအခြေအနေ

ပြောင်းဖူးသီးနှံကို နှစ်စဉ် မိုးရေချိန် ၃၅ - ၄၅ လက်မအတွင်း ရွာသွန်းပြီး အပူချိန် ၇၅°F နှင့် ၈၅°F တွင် အောင်မြင်စွာ ဖြစ်ထွန်းနိုင်ပါသည်။ ပူအေးချိန် ၁၀°C (၅၀°F) အောက်တွင် မြေချစိုက်က အစေ့အပင်ပေါက်နိုင်စွမ်း မရှိပါ။ ၄၀°C အထက်တွင် အပင်ကြီးထွားမှုရပ်တန့်သွားတတ်ပါသည်။ ပြောင်းဖူးသီးနှံကို ရေရနိုင်လျှင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ရေလိုအပ်ချိန်တွင် အပင်ခြေ ရေမဝပ်စေဘဲ ရေသွင်းပေးရပါမည်။ အရေးကြီးသည်မှာ ပြောင်းပင်သက်တမ်းတစ်လျှောက်လုံးတွင် မိုးရေချိန် ၂၂ လက်မ (သို့) မိုးရေချိန် ၂၂ လက်မနှင့် ညီမျှသော အစိုဓာတ်သည် အကောင်းဆုံး အပင်ဖြစ်ထွန်းမှုကို ပေးနိုင်ပါသည်။ စိုက်ပျိုးသင့်သော မြေအမျိုးအစားအနေဖြင့် မြေဆီဩဇာထက်သန်၍ အစိုဓာတ်ထိန်းသိမ်းနိုင်ပြီး ရေသွင်းရေထုတ်လွယ်ကူသော မြေများသည် ပြောင်းဖူးစိုက်ရန် အသင့်လျော်ဆုံးဖြစ်ပါသည်။ မြေချဉ်ငန်ဓာတ် ၅ ဒသမ ၃ မှ ၇ ဒသမ ၃ အထိ စိုက်ပျိုးနိုင်ပါသည်။ ၅ ဒသမ ၆ အောက်တွင် အပင်ဖြစ်ထွန်းမှု ညံ့ဖျင်းပြီး ၄ ဒသမ ၀ အောက်တွင် အပင်ဖြစ်ထွန်းနိုင်စွမ်း လုံးဝမရှိပါ။ အသင့်လျော်ဆုံး မြေချဉ်ငန်ဓာတ်မှာ ၆-၇ ဖြစ်ပါသည်။ ဆားငန်ဒဏ်ကို လုံးဝခံနိုင်ရည်မရှိသဖြင့် မြေချဉ်ငန်ဓာတ်မြင့်သော မြေများတွင် အပင်ကြီးထွားမှု နှေးကွေးတုံ့ဆိုင်းပြီး အထွက်နှုန်းကို ကျဆင်းစေပါသည်။ ပြောင်းဖူးစိုက်ပျိုးရန် အကောင်းဆုံးမြေမှာ နုန်းမြေ၊ သဲနုန်းမြေနှင့် စနယ်မြေတို့ ဖြစ်ပါသည်။ သဲအလွန်ဆန်ပြီး ခြောက်သွေ့လွယ်သော မြေများနှင့်စေးလွန်းပြီး ရေဝပ်လွယ်သော မြေများ၊ ရေထုတ်ရန်ခက်ခဲသော မြေများနှင့် ကျောက်စရစ်ကုန်းမြေများသည် စိုက်ပျိုးရန်မသင့်လျော်သောမြေများ ဖြစ်ပါသည်။

### ပြောင်းဖူးစိုက်ပျိုးနည်းစနစ်

ပြောင်းဖူးစိုက်ပျိုးချိန်တွင် အပင်ပေါက်ကောင်းမွန်စေရန်နှင့် မြေတွင်းအစိုဓာတ် လုံလောက်စွာ ထိန်းသိမ်းထားနိုင်ရန် မိုးကြိုထယ်ရေးပြုလုပ်ပြီး ပေါင်းမြက်များကို ဖယ်ရှားပါ။ မိုးဦးကျ၍ အစိုဓာတ်လုံလောက်စွာရရှိသည့်အခါ ထယ်ရေးနက်နက်ရရှိအောင် ထွန်ယက်ပြီး ပေါင်းမြက်နှင့် အမှိုက်များကောက်ပေးရပါမည်။ ဒုတိယအကြိမ် ထယ်တစ်စပ်ထပ်မံထိုးပြီး နောက်ထွန်ရေးညက်အောင် ထွန်ယက်ပြီး ရေမဝပ်စေရန် ထယ်ရေးပြင်ကို ညီညာစွာညှိရပါသည်။ စိုက်ကြောင်းဆွဲသည့်အခါ အတိမ်အနက်မညီလျှင် အပင်ပေါက် ညံ့ဖျင်းတတ်သဖြင့် မြေအနက် ၂ - ၄ လက်မ အတိမ်အနက် ညီညာအောင် စိုက်ကြောင်းဆွဲပြီး ၂-၂ ဒသမ ၅ လက်မ အနက်တွင် မျိုးစေ့ထားပြီး မျိုးစေ့လုံအောင် ဖုံးပေးပါက အပင်ပေါက်ကောင်းမွန်ပါသည်။ မျိုးစေ့ချသည့်အခါ မိုးရာသီတွင် ၂ ဒသမ ၅ လက်မ အနက်ချကာ ဆောင်းရာသီတွင် ၂-၂ ဒသမ ၅ လက်မချ၍ ကြမ်းတုံးဖြင့် ဖုံးပေးရပါမည်။

မြေဩဇာအနေဖြင့် နွားချေး (သို့) သစ်ဆွေးမြေဩဇာကို တစ်ဧက သုံးတန်နှုန်း မြေမပြုပြင်မီကြိုတင်၍ ထည့်သွင်းပေးရပါမည်။ ပြောင်းဖူးတစ်ဧက အထွက်နှုန်း မြင့်မားစေရန် ဓာတ်မြေဩဇာကို စိုက်ချိန်တွင် မြေခံအဖြစ် ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၁၁၂ ပေါင်၊ ပိုတက်ရှ် ၅၆ ပေါင်၊ စိုက်ပျိုးပြီး ၁၅-၂၀ ရက်သားတွင် ယူရီးယား ၅၆ ပေါင်နှုန်းနှင့် ၃၀-၄၀ ရက်သား ပေါင်တင်ချိန်တွင် ယူရီးယား ၅၆ ပေါင်နှုန်း ထည့်သွင်းပေးရပါမည်။ ယူရီးယား (ပုလဲ) ဓာတ်မြေဩဇာသည် ပြောင်းအထွက်တိုးရန် အဓိက အရေးကြီးပါသည်။ ပုလဲဓာတ်မြေဩဇာထည့်ချိန်တွင် အစိုဓာတ်အလုံအလောက်ရှိရန်လိုအပ်ပြီး မျိုးစေ့နှင့်လည်းကောင်း၊ အပင်နှင့်လည်းကောင်း မထိစေရန် သတိပြုရပါမည်။ တီစူပါနှင့် ပိုတက်ရှ်မြေဩဇာကို မစိုက်မီ စိုက်ကြောင်းအတွင်း တစ်ကြိမ်တည်း ထည့်သွင်းပေးရပါမည်။ ပိုတက်ရှ်မြေဩဇာကို ယူရီးယားမြေဩဇာနှင့်အလားတူ ထည့်သွင်းပေးခြင်းဖြင့် သဲဆန်သောမြေများတွင် ပို၍ အကျိုးသက်ရောက်စေပါသည်။ ဂျစ်ပဆန် (ခေါ်) ကျောက်မှုန့် မြေဩဇာတွင် ကန့်ဓာတ်ပါရှိသဖြင့် သဲဆန်သော မြေများ၊ သဘာဝမြေဩဇာအသုံးနည်းသော မြေများ၊ ယခင်နှစ်က ပုလဲမြေဩဇာ များများသုံးစွဲသော မြေများတွင် သုံးစွဲရန် လိုအပ်ပါသည်။ ထိုမြေမျိုးတွင်စိုက်ချိန်၌ ဂျစ်ပဆန်မြေဩဇာပေါင် ၁၀၀ ကို ကြဲပက်ထွန်မွှေ ထည့်ပေးရပါသည်။ ခြောက်သွေ့လွန်းလျှင်လည်းကောင်း၊ စိုလွန်းလျှင်လည်းကောင်း မထည့်ရန်နှင့် မြေဩဇာထည့်ပြီးလျှင် အငွေ့ပြန်ဆုံးရှုံးလွယ်သဖြင့် မြေတွင်းသို့ အမြန်ဆုံးရောက်အောင် ဆောင်ရွက်ရပါသည်။ ကြားထွန်ဝင်ခြင်းကို သားမခွဲမီ တစ်ကြိမ်၊ သားခွဲပြီး မြေဩဇာထည့်ချိန်တွင် တစ်ကြိမ်နှင့် ၃၅-၄၀ ရက်သားတွင် မြေဩဇာထည့် ပေါင်တင်ရန် ဖြစ်ပါသည်။

### သတိပြုရန်အချက်များ

ပြောင်းဖူးပင် အပင်ပေါက်သည်မှ တစ်လသားအတွင်း ကြီးထွားမှု လွန်စွာနှေးကွေးသဖြင့် ပေါင်းမြက်များနှင့် ယှဉ်ပြိုင်ကြီးထွားနိုင်စွမ်းမရှိပါ။ အထွက်အကောင်းဆုံးရရှိရန် အပင်ပေါက်သည်မှ တစ်လသားအတွင်း ပေါင်းမြက်များ ကင်းစင်စေရပါမည်။ ပြောင်းဖူးသည် အလင်းရောင်တုံ့ပြန်မှုမရှိသဖြင့် အစိုဓာတ်ရရှိပါက မည်သည့်ရာသီ၌မဆို စိုက်ပျိုးနိုင်သော်လည်း ပြောင်းဖူးစိုက်တောင်သူအများစုသည် မိုးရာသီနှင့် ဆောင်းရာသီတို့၌သာ အဓိက စိုက်ပျိုးကြသည်။ ပြောင်းဖူး၏ ပျမ်းမျှသက်တမ်းမှာ (၁၁၀-၁၂၀) အတွင်းရှိ၍ မိုးရာသီပြောင်းဖူးစိုက်သောဒေသများ၌ စိုက်ပျိုးသင့်သော အချိန်ကာလမှာ မေလ ၁၅ ရက်နေ့မှ ဇွန်လ ၁၅ ရက်နေ့အထိ စိုက်ပျိုးနိုင်ပြီး စက်တင်ဘာလမှ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရိတ်သိမ်းနိုင်ပါသည်။ ဆောင်းရာသီပြောင်းဖူးစိုက်သော ဒေသများ၌ စိုက်ပျိုးသင့်သောအချိန်ကာလမှာ အောက်တိုဘာလမှ နိုဝင်ဘာလအထိဖြစ်ပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်းနိုင်ပါသည်။

### စိန်ခေါ်မှုများ

ယခုအခါ မြန်မာနိုင်ငံ အစေ့ထုတ်ပြောင်းစိုက်ပျိုးဧရိယာ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ စပ်မျိုး မျိုးစေ့များကို စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် တောင်သူများအတွက် လိုအပ်သော မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ရန်အတွက် စပ်မျိုးမျိုးစေ့ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ သို့ရာတွင် ပြောင်းစိုက်တောင်သူအများစုမှာ နိုင်ငံခြားကုမ္ပဏီများက ရောင်းချသော ထွက်နှုန်းမြင့် စပ်မျိုးမျိုးစေ့များကို အသုံးပြုကြပါသည်။ ဝန်ကြီးဌာနအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် အားပေးဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၌ သုတေသနပြုရရှိလာသော စပ်မျိုးသစ်များကို ပုဂ္ဂလိက၊ တောင်သူ၊ အစိုးရဌာနများ ပူးပေါင်း၍ တိုးတက်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း စပ်မျိုးမျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။ **စာမျက်နှာ ၇ သို့** ✻

- **စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်ဝေထားသော မျိုးများအနက် သင့်လျော်သောမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ယခုအခါ ထုတ်ဝေခဲ့သော စပ်မျိုးခုနစ်မျိုးအနက်မှ ရေဆင်းစပ်မျိုး-၁၀၊ ရေဆင်းစပ်မျိုး-၁၁ တို့ကို တောင်သူများ စိုက်ပျိုးနိုင်ရန်အတွက် စပ်မျိုး မျိုးစေ့တို့ကို စိုက်ပျိုးထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိ**
- **ရေဆင်းစပ်မျိုး- ၁၀ သည် အသက်ရက် ၁၀၀-၁၁၀ ရှိပြီး တစ်ဧကလျှင် ၁၂၀-၁၂၅ တင်းထွက်ရှိ၍ ပြောင်းစေ့အဖူးထိပ်အထိပြည့်သည့် အူတိုင်သေးမျိုးဖြစ်၊ ရေဆင်းစပ်မျိုး-၁၁ သည် အသက်ရက် ၁၀၅-၁၁၅ ရက် ရှိပြီး တစ်ဧကလျှင် ၁၁၅-၁၂၅ တင်းထွက်ရှိ၍ အစေ့ထွက် ရာနှုန်းကောင်းသည့် လိမ္မော်ရောင် ထိပ်ခုံးအစေ့မျိုးဖြစ်**

# နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ဝန်ထမ်းကောင်းတစ်ဦးအနေဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရမည်

ရန်ကုန် မေ ၂၆

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၄)နှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဇဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ဇဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/ စီမံဌာနများမှ ပါမောက္ခ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေပြီး အနာဂတ်တွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မားထက်မြက်လာပြီး မိမိတို့တာဝန်ယူရသည့် ဝန်ထမ်းအဖွဲ့အစည်းတွင် ဦးဆောင်နိုင်မှုစွမ်းရည်တိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပေးနေသည့် အရာရှိကြီးများသည်လည်း ပြည်သူလူထုအတွက် ကောင်းမွန်ထိရောက်သည့် ဝန်ဆောင်မှုများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးရန် တာဝန်ရှိကြသူများဖြစ်ကြောင်း၊ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉) ရပ်တို့ကို ဝန်ထမ်းကောင်းတစ်ဦးအနေဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၄)သို့ သင်တန်းသား ၁၅ ဦး၊ သင်တန်းသူလေးဦး စုစုပေါင်း ၁၉ ဦးနှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇) သို့ သင်တန်းသား ၂၄ ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ ဇွန် ၁၇ ရက်ထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်း အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်



ရွှေဘို မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရှိ ရှင်ယွန်းစံခန်းမ၌ ရွာသာကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်း အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်း ဖိနပ်ချုပ်သင်တန်းကို ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ကျေးရွာကို အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍကြီးသုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍမှ ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍမှ အမျိုးသမီးအစုအဖွဲ့များဖြင့် အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်း ဖိနပ်ချုပ်သင်တန်းကို ခုနစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ရွာသာကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်းကျေးရွာမှ အမျိုးသမီး ၁၅ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**

✻ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံမှ ပြောင်းစိုက်တောင်သူများအတွက် နှစ်စဉ် ပြောင်းမျိုးစေ့ တန် ၅၀၀၀ မှ ၆၀၀၀ အထိ လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းသီးနှံကို အဓိကအားဖြင့် မိုးရာသီ၌ အမြောက်အမြား စိုက်ပျိုးလေ့ရှိပါသည်။ ရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှု ရှိတတ်သဖြင့် ပြောင်းဖူးနှင့် ပြောင်းဖူးစေ့တွင် မှိုရောဂါများ ကျရောက်ဖျက်ဆီးတတ်လေ့ ရှိပါသည်။ ထို့ပြင် ရိတ်သိမ်းပြီး အခြောက်ခံရန်အတွက် အခက်အခဲရှိခြင်း၊ အခြောက်ခံချိန်တွင် အစိုဓာတ်နှင့် အပူချိန်မြင့်မားသဖြင့် မှိုရောဂါများ ကျရောက်ပြီး လူ၊ တိရစ္ဆာန်များအတွက် အန္တရာယ်ဖြစ်စေသော aflatoxin အဆိပ်များ ပြောင်းစေ့များတွင် ပါရှိတတ်ပြီး အစိုဓာတ်များစွာဖြင့် သိုလှောင်မိပါက မှိုဆိပ်ကြောင့် အစေ့များမည်းပြီး အရည်အသွေးကျဆင်းသဖြင့် ဝယ်ယူလိုမှု လျော့နည်းမည်ဖြစ်သည်။

ပြည်တွင်း ပြည်ပ ဈေးကွက်လိုအပ်ချက် တိုးတက်များပြားလာခြင်းကြောင့် မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သကဲ့သို့ ရိတ်သိမ်းပြီး လုပ်ငန်းစဉ်များတွင်လည်း လေလွင့်ဆုံးရှုံးမှုများ လျော့ပါးစေရန် ရိတ်သိမ်းခြင်း၊ အခြောက်ခံခြင်း၊ ခြွေလှေ့သန့်စင်ခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်လျက် ရှိနေပါသည်။ မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်း၏ လက်ရှိအခြေအနေအားဖြင့် ပြည်ပမှ စပ်မျိုးမျိုးစေ့များနှင့် ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေးများ ဝယ်ယူတင်သွင်း စိုက်ပျိုးနေရခြင်း၊ အခြေခံသွင်းအားစုများ၏ ဈေးနှုန်းမှာ တောင်သူအများစုအတွက် ဈေးနှုန်းကြီးမြင့်သဖြင့် လိုအပ်သလောက် ထိရောက်စွာအသုံးမပြုနိုင်ခြင်း၊ ဓာတ်မြေဩဇာထည့်သွင်းမှုနှင့် စိုက်ပျိုးပြုစုမှုနည်းစနစ်များ မမှန်ကန်ခြင်း၊ ပြောင်းစေ့ဈေးနှုန်းနှင့် ဈေးကွက်တည်ငြိမ်မှု မရှိခြင်း၊ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန်ကာလတွင် စနစ်တကျ စီမံဆောင်ရွက်နိုင်မှု အားနည်းခြင်းကြောင့် လေလွင့်ဆုံးရှုံးမှု များပြားခြင်း၊ ဈေးကွက်တင်ရောင်းချမည့် သီးနှံထွက်ကုန်ပစ္စည်းများ၏ အရည်အသွေးသည် ဈေးကွက်၏ သတ်မှတ်ထားသော စံချိန်စံညွှန်းမပြည့်မီခြင်း စသည့်ပြဿနာ အခက်အခဲများ ကြုံတွေ့လျက်ရှိပါသည်။

**လက်ရှိဆောင်ရွက်လျက်ရှိသော မျိုးမွေးမြူရွေးချယ်ရေး နည်းလမ်းများ**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအနေဖြင့် စပ်မျိုးပြောင်းမျိုးသစ်များရရှိရန် ၁၉၇၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ပြည်ပနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းများမှ ဗီဇမျိုးသန့် မိဘမျိုးလိုင်း (Inbred Line) များ မှာယူတင်သွင်းရန် စပ်မျိုးပြောင်းဖူးများ စမ်းသပ်ထုတ်လုပ်ခဲ့ရာ အဆိုပါ ဗီဇမျိုးသန့် မိဘလိုင်းများသည် မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီမှုမရှိသဖြင့် မအောင်မြင်ခဲ့ပါ။ ၁၉၈၆ ခုနှစ်မှစတင်၍ ဗီဇမျိုးသန့် မိဘလိုင်းများရရှိရန် ပြည်တွင်း၌ စတင်မျိုးကူးစပ်၍ အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါသည်။ စပ်မျိုးပြောင်းဖူး သုတေသနလုပ်ငန်းသည် ရေရှည် ဆောင်ရွက်ရသောလုပ်ငန်းတစ်ခုဖြစ်ပြီး စပ်မျိုးမျိုးသစ်တစ်ခုရရန် အနည်းဆုံး ရှစ်နှစ်မှ ၁၂ နှစ်အထိ ဆောင်ရွက်ရပါသည်။

၁၉၉၀ ပြည့်နှစ်မှစ၍ ပြည်တွင်း၌ မွေးမြူရရှိ၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် စပ်မျိုး (Commercial Hybrid) ကို ပထမဆုံး အောင်မြင်စွာ သုတေသနပြု ထုတ်ဝေနိုင်ခဲ့ပါသည်။ သီးနှံထုတ်လုပ်မှုမြင့်မားလာစေရန် စပ်မျိုးသီးနှံများ၏ အခန်းကဏ္ဍသည် များစွာအရေးကြီးလှပါသည်။ သို့ဖြစ်ပါ၍ စပ်မျိုးပြောင်းဖူးသုတေသနလုပ်ငန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ရေရှည်စီမံချက်များချမှတ်၍ ၁၉၇၄-၇၅ ခုနှစ်မှစတင်ပြီး ဆောင်ရွက်ခဲ့ရာ စပ်မျိုးပြောင်း ကိုးမျိုးကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်ဝေထားသော မျိုးများအနက် သင့်လျော်သော မျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ယခုအခါ ထုတ်ဝေခဲ့သော စပ်မျိုး ခုနစ်မျိုးအနက်မှ ရေဆင်းစပ်မျိုး-၁၀၊ ရေဆင်းစပ်မျိုး-၁၁ တို့ကို တောင်သူများ စိုက်ပျိုးနိုင်ရန်အတွက် စပ်မျိုးမျိုးစေ့တို့ကို စိုက်ပျိုးထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ရေဆင်းစပ်မျိုး- ၁၀ သည် အသက်ရက် ၁၀၀-၁၁၀ ရှိပြီး တစ်ဧကလျှင် ၁၂၀-၁၂၅ တင်းထွက်ရှိ၍ ပြောင်းစေ့အဖူးထိပ်အထိပြည့်သည့် အူတိုင်သေးမျိုးဖြစ်ပါသည်။ မြေပြန့်တောင်ပေါ်နှစ်မျိုးစလုံးအတွက် အသုံးပြုသင့်ပါသည်။ ရေဆင်းစပ်မျိုး-၁၁ သည် အသက်ရက် ၁၀၅-၁၁၅ ရက်ရှိပြီး တစ်ဧကလျှင် ၁၁၅-၁၂၅ တင်းထွက်ရှိ၍ အစေ့ထွက် ရာနှုန်းကောင်းသည့် လိမ္မော်ရောင် ထိပ်ခုံးအစေ့မျိုး ဖြစ်ပါသည်။ တောင်ပေါ်ဒေသအတွက် ရေဆင်းစပ်မျိုး ၁၁ မျိုးကို အသုံးပြုသင့်ပါသည်။

စပ်မျိုးပြောင်းဖူးမျိုးများ မျိုးကူးစပ် မွေးမြူရွေးချယ်သည့်လုပ်ငန်းစဉ်များအဖြစ် ဗီဇမျိုးသန့်လိုင်းများ၏ ဗီဇကွဲလွဲမှုကို ပင်ပိုင်းဆိုင်ရာလက္ခဏာများ မှတ်တမ်းကောက်ယူ၍ စိစစ်ခြင်း၊ ဒေသဖြစ်ထွန်းမှုနှင့် အထွေထွေပေါင်းစပ်စွမ်းရည်သိရှိရန် အစမ်းစပ် စပ်မျိုးများ မျိုးကူးစပ်ရွေးချယ်ခြင်းများ ဆောင်ရွက်ပြီး ရရှိလာသော အစမ်းစပ် စပ်မျိုးများကို စမ်းသပ်ဒေသအသီးသီးတွင် အထွက်ယှဉ်ပြိုင်ခြင်း၊ အထွေထွေပေါင်းစပ်စွမ်းရည် ကောင်းသော ဗီဇမျိုးသန့်လိုင်းများအား သီးသန့်ပေါင်းစပ်စွမ်းရည် သိရှိရန် ပတ်လည်မျိုးကူးစပ်ခြင်းနည်းကို အသုံးပြု၍ ဆောင်ရွက်ပြီး ရရှိလာသော အစမ်းစပ် စပ်မျိုးများကို စမ်းသပ်ဒေသအသီးသီးတွင် အထွက်ယှဉ်ပြိုင်ခြင်းဆောင်ရွက်ပါသည်။ ထို့နောက် နှိုင်းယှဉ်စံထားမျိုးများထက် သာလွန်သော လက်ရွေးစင် အစမ်းစပ် စပ်မျိုးများကို ရွေးချယ်၍ ထပ်မံမျိုးစပ်ပြီး ဒေသအဆင့်အထွက်ယှဉ်ပြိုင်ခြင်း၊ တောင်သူများ သိရှိအောင် သရုပ်ပြစိုက်ပျိုးခြင်းများ အဆင့်ဆင့် ဆောင်ရွက်ပြီး ဒေသအလိုက်ဖြစ်ထွန်းမှု ကောင်းမွန်၍ အထွက်ကောင်း၊ အရည်အသွေးကောင်း မျိုးသစ်များအား အမျိုးသားမျိုးစေ့ကော်မတီတွင် မှတ်ပုံတင်ပြီး တောင်သူများ စီးပွားဖြစ်စိုက်ပျိုးရန် စပ်မျိုးမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်း စသည်ဖြင့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပါသည်။

မျိုးကူးစပ် မွေးမြူရွေးချယ်ခြင်း သုတေသနလုပ်ငန်းတွင် ခေတ်မီ ဇီဝနည်းပညာများ (Biotechnology) နည်းပညာများကို အသုံးချဆောင်ရွက်နိုင်ရန်အတွက် ပြောင်းသီးနှံတွင် DNA ထုတ်ယူပြီး Simple Sequence Repeat (SSR) Molecular Markers များဖြင့် ဗီဇကွဲလွဲမှုစိစစ်ခြင်း သုတေသနများဆောင်ရွက်၍ အထွက်နှုန်းမြင့်မားသည့်စပ်မျိုးပြောင်းသစ်များ ထုတ်လုပ်သည့်သုတေသနလုပ်ငန်းတွင် မိဘလိုင်းများအဖြစ် အသုံးပြုရန်ရှာဖွေခြင်း သုတေသနလုပ်ငန်းကို ၂၀၁၆ ခုနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် လက်ရှိ စိုက်ပျိုးနေသောစပ်မျိုးများထက် ပိုမိုကောင်းမွန်သောစပ်မျိုးများရရှိရန်အတွက် ဗီဇသဘောအရနှင့် ရုပ်သွင်ပြင်အရ သွေးဝေးပြီး လိုလားအပ်သောလက္ခဏာပါသည့် မိဘရှစ်မျိုးကို အသုံးပြု၍ မျိုးကူးစပ်ထားသည့် Development of 8-Ways Recombinant Inbred Line စီမံကိန်းကိုလည်း ၂၀၁၇ ခုနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သော စပ်မျိုးပြောင်းသုတေသနလုပ်ငန်းများကို အဓိက ဆောင်ရွက်လျက်ရှိပြီး ထုတ်ဝေပြီး စပ်မျိုးပြောင်းဖူးမျိုးများ၏ မိဘလိုင်းများအား အရည်အသွေး မကျဆင်းစေရန် မျိုးသန့်ထိန်းသိမ်းခြင်း သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ်နောက်ဆုံးနှစ်(ဝိဇ္ဇာအထူးပြု) ဒုတိယအသုတ်နှင့် တတိယအသုတ်တို့၏ အနီးကပ်သင်တန်းများဖွင့်လှစ်မည့်ရက်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် **နောက်ဆုံးနှစ်** (ဝိဇ္ဇာအထူးပြု) ဒုတိယအသုတ်နှင့် တတိယအသုတ်တို့၏ အနီးကပ်သင်တန်းများကို အောက်ပါအတိုင်းဖွင့်လှစ်မည်ဖြစ်ပါသည် -

| စဉ် | သင်တန်းနှစ်၊ဘာသာရပ် | အနီးကပ်ပို့ချတန်းကာလ |
|---|---|---|
| ၁ | **ဒုတိယအသုတ်**<br>စတုတ္ထနှစ်၊ အဝေးသင်ဝိဇ္ဇာသင်တန်းများ (အထူးပြုဘာသာရပ်များ - အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ)နှင့် ပဥ္စမနှစ် (ဥပဒေပညာ) သင်တန်း | (၁၉-၅-၂၀၂၂) ရက်နေ့မှ (၂၈-၅-၂၀၂၂) ရက်နေ့ထိ |
| ၂ | **တတိယအသုတ်**<br>စတုတ္ထနှစ်၊ အဝေးသင်ဝိဇ္ဇာသင်တန်းများ(အထူးပြုဘာသာရပ်များ - မြန်မာစာ ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံ) | (၆-၆-၂၀၂၂) ရက်နေ့မှ (၁၅-၆-၂၀၂၂) ရက်နေ့ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန**

## ၂၀၂၀-ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ ကျောင်းအပ်နှံရေး ကြေညာချက်

၂၀၂၀-ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းအား ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့၏ Website တွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါကြောင်း၊ အဆိုပါသင်တန်းကို (၁၂-၅-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်သဖြင့် သက်ဆိုင်ရာတက္ကသိုလ်သို့ (၂၇-၅-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ကျောင်းအပ်နှံရမည်ဖြစ်ပါကြောင်းနှင့် ကျောင်းအပ်လက်ခံနောက်ဆုံးရက်အထိ ကျောင်းအပ်နှံခြင်းမရှိသူများအား ဝင်ခွင့်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်ကြောင်း တက်ရောက်ခွင့်ရရှိသူများ ကြိုတင်သိရှိနိုင်ရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးဆိုင်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း(ရန်ကုန်)၏ တိရစ္ဆာန်ကူးစက်ရောဂါများ စူးစမ်းရှာဖွေခြင်းနှင့် အတည်ပြုပေးခြင်းလုပ်ငန်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကျန်းမာရေးထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများ၊ ရောဂါတုံ့ပြန်နိုင်မှု တိုင်းတာပေးခြင်း၊ ရောဂါစစ်ဆေးရန် ကွင်းဆင်းနမူနာကောက်ယူခြင်း၊ ရောဂါသုတေသနပြု ဆောင်ရွက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအဆင့်(ISO/IEC 17025:2017) ရရှိရေးတို့ကို မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စုရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ) သို့ ရောက်ရှိပြီး မျိုးသန့်နွားသိုးငယ်များ ပြုစုပျိုးထောင်ခြင်း၊ မျိုးရည်ခဲချောင်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ နိုက်ထရိုဂျင်ဓာတ်ငွေ့ရည် ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် နွားမေထုန်မဲ့သားစပ်ကျွမ်းကျင်သူသင်တန်း ဖွင့်လှစ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မင်္ဂလာဒုံမြို့နယ် ပေါင်းငူ ပျားလုပ်ငန်းဌာနသို့ရောက်ရှိကြပြီး မွေးမြူရေးပျားရည်ဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးခြင်းလုပ်ငန်း၊ အမျိုးသားဓာတ်ကြွင်းအဆင့်စောင့်ကြည့်ရေးအစီအစဉ်အတွက် နမူနာပျားရည်များ ကောက်ယူခြင်း၊ ဓာတ်ခွဲစမ်းသပ်ရန်ပေးပို့ခြင်း၊ မျိုးကောင်းမျိုးသန့် ပျားဘုရင်မများအား သဘာဝနည်းဖြင့် မွေးမြူခြင်းနှင့် မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ တိုင်းရင်းဆေးဝါးများအတွက်ပါ အသုံးပြုနေသည့် ပျားရည်များ၏ အစားအစာဘေးကင်းလုံခြုံရေးလိုအပ်ချက်များနှင့် တစ်နိုင်တစ်ပိုင် မွေးမြူသူများအား စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်သည်အထိ အားပေးကူညီရန်လိုအပ်ချက်များကို မှာကြားသည်။

**မှာကြား**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စုရှိ နို့စားနွားမွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံ၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နို့စားနွားမွေးမြူရေးဆိုင်ရာ နည်းပညာပြန့်ပွားရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးခြင်း၊ ရိတ်သိမ်းသယ်ယူကျွေးမွေးခြင်းစနစ်များ ဖွံ့ဖြိုးရေးစီမံဆောင်ရွက်ရန်လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမင်းထိန် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၄ ရက် နံနက်ပိုင်းတွင် ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ ခွဲကျောက် အမာခံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ဇီးချိုင်-ကံချိုင်လမ်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲရေး ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားသည်။



ဒုတိယဝန်ကြီးသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် ပုသိမ် - ကံကုန်း - မြင်းကဆိပ် - မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတား (မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် ပုသိမ် - ကံကုန်း -မြင်းကဆိပ် - မြောင်းမြလမ်း ပမ္မဝတီမြစ်ပေါ်တွင် တည်ရှိ၍ တံတားအရှည် ပေ ၁၂၆၀ ၊ တံတားအကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ရေလမ်းကင်းလွတ် အကျယ် ပေ ၂၀၀၊ ရေလမ်းကင်းလွတ် အမြင့်ပေ ၂၀၊ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာ - သဲဖြူလမ်း၊ လပွတ္တာ - သင်္ကန်းကြီး - ပြင်စလူလမ်းပေါ်ရှိ မရမ်းချောင်းတံတား၊ ဘိုကလေး- စက်ဆန်း - ထော်ပိုင် - အမာလမ်း(ဘိုကလေး - စက်ဆန်းလမ်းပိုင်း) ဘုရားချောင်းမြစ်ပေါ်တွင် တံတားအထူးအဖွဲ့(၁၆)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဘုရားချောင်းတံတား၊ ဖျာပုံ _ ကျုံကဒွန်း_ ဒေါ်ညိမ်း _ အမာလမ်းပေါ်တွင် တံတားအထူးအဖွဲ့ (၁၀)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒေးဒလုတံတားတည်ဆောက်ရေးလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ဒေးဒလုတံတားသည် တံတားအရှည်ပေ ၈၇၀၀၊ တံတားအကျယ် ၉ ဒသမ ၁၄၄ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃၁၆ မီတာ၊ လူသွားလမ်းအကျယ် (တစ်ဖက်လျှင်) သုည ဒသမ ၉၁၄ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ၆ ဒသမ ၁ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၁၅ ဒသမ ၉၈ မီတာ၊ ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်) အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန်အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁) ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁)ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များအား (၁)နှစ် သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂) အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေးကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများသို့လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်း လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း - ၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းနှင့်သတင်းဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူးကျင်းပသည့် သတင်းနှင့်သတင်းဆောင်းပါးပြိုင်ပွဲတွင် သတင်းဆောင်းပါးဆုရရှိသူအား ဆုချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ သတင်းမီဒီယာကောင်စီရုံးသင်တန်းခန်းမ၌ မေ ၂၆ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ကောင်စီဝင်များ၊ ဆုရရှိသူ သတင်းသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကာလသည် သတင်းတုသတင်းအမှားများ၊ သတင်းလိမ်များကြောင့် မလိုလားအပ်သောဖြစ်စဉ်များ ပေါ်ပေါက်လျက်ရှိသဖြင့် အဆိုပါ သတင်းတုသတင်းအမှားများကို ချေဖျက်ရန်လိုအပ်သကဲ့သို့ သတင်းအမှန်များကိုသာ ရေးသားဖြန့်ချိသူ သတင်းမီဒီယာသမားများကိုလည်း ဂုဏ်ပြုထိုက်သည်ဟု ယူဆပါသဖြင့် သတင်းနှင့်သတင်းဆောင်းပါးပြိုင်ပွဲကို ကျင်းပပေးခဲ့ပါကြောင်း၊ ပြိုင်ပွဲဝင်စည်းကမ်းများကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကြေညာ၍ ပြိုင်ပွဲဝင်များဖိတ်ခေါ်ခဲ့ရာ သတင်းနှင့် သတင်းဆောင်းပါးပုံနှိပ်ပြီး စာမူ ၈၂ စောင်လက်ခံရရှိခဲ့ပါကြောင်း၊ အဆိုပါစာမူများကို ဆုရွေးချယ်ရေးကော်မတီဖွဲ့စည်း၍ စိစစ်ခဲ့ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် သတင်းနှင့်သတင်းဆောင်းပါးများထဲမှ သင့်လျော်သည့် သတင်းဆောင်းပါးတစ်ပုဒ်ကိုသာ ဆုချီးမြှင့်ရန်ရွေးချယ်ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားသည်။

သတင်းဆောင်းပါးဆု ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး ဦးအောင်ပြည့်စုံက ရရှိလာသည့် သတင်းနှင့်သတင်းဆောင်းပါးများအပေါ် စိစစ်ရွေးချယ်ခဲ့မှုများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် “အနာဂတ်မြန်မာနိုင်ငံကို သားရွှေအိုးထမ်းလာတာမြင်လိုပါတယ်” နှင့် အခြားသတင်းများဖြင့် အထူးဆုရရှိသူ ဦးကျော်စိန်(ပညာရေး)ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ဆုပေးအပ်ပြီး ဆုရရှိသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**

## (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၂၆**

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။



(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက လေ့လာကြည့်ရှုကြစဉ်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၁) မှ (၇၀၀)အထိ အတွဲပေါင်း(၇၀၀)အတွက် ရတနာကုန်သည်များက တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက တင်ဒါ ဖွင့်ဖောက်စစ်ဆေးကာ ကျောက်စိမ်းအတွဲပေါင်း ၅၂၃ တွဲကို ရောင်းချရကြောင်း ကြေညာသည်။

ယခင်ရက်ပြပွဲများတွင် ပုလဲအတွဲအမှတ်(၁) မှ (၃၃၀) အထိ ပုလဲအတွဲပေါင်း ၃၃၀ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၃၀ ကိုလည်းကောင်း၊ ကျောက်မျက်အတွဲအမှတ်(၁) မှ (၁၂၀) အထိ အတွဲပေါင်း ၁၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၅၄ တွဲကိုလည်းကောင်း ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။

ပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၇၀၁)မှ (၁၄၀၀) အထိနှင့် သတ္တမနေ့တွင် ကျောက်စိမ်း အတွဲအမှတ် (၁၄၀၁) မှ (၂၀၀၀) အထိကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ပြပွဲ ဗဟိုကော်မတီဝင်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။



(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက လေ့လာကြည့်ရှုကြစဉ်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ အောင်မြင်စွာ ကျင်းပခဲ့ရာ ယခုကျင်းပပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင်လည်း ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအနေဖြင့် ပုလဲအတွဲများနှင့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုဝယ်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သင်တန်းမှ ပို့ချသည့် အသိပညာ၊ အတတ်ပညာများသာမက နိုင်ငံတကာမှ ပညာရပ်များကို အမြဲလေ့လာကာ တွေးတောကြံဆနေရမည်

**မန္တလေး မေ ၂၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပညာရေးဘွဲ့(၅)နှစ် သင်တန်းအမှတ်စဉ် (၉)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) ပထမနှစ်ဝိဇ္ဇာ၊ သိပ္ပံနှင့် အေဂျီတီအိုင်ဒီပလိုမာ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



**ကျွမ်းကျင်အောင်လေ့လာဆည်းပူး**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းများဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို သိရှိကာ သင်ကြားရမည့်ဘာသာရပ်များကို အထူးဂရုစိုက် သင်ယူကြရမည်ဖြစ်ကြောင်း၊ သင်တန်းမှပို့ချသည့် အသိပညာ၊ အတတ်ပညာများသာမက နိုင်ငံတကာမှ ပညာရပ်များကို အမြဲလေ့လာကာ တွေးတောကြံဆနေရမည်ဖြစ်ပြီး မိမိကိုယ်တိုင် အရည်အချင်းပြည့်မီနေအောင် ကြိုးစားနေရမည်ဖြစ်ကြောင်း၊ အမှားအမှန်ကို ဆင်ခြင်သုံးသပ်ခွဲခြားနိုင်သည့် ပညာသည် ရတနာဖြစ်ပြီး ဆရာသည်အခရာကျပါကြောင်း၊ ဆရာ ဆရာမများအပေါ် လေးစားလိုက်နာပြီး ကျောင်းဆရာနှင့်ပတ်သက်သည့် ပညာရပ်များကိုလည်း ကျွမ်းကျင်အောင် လေ့လာဆည်းပူးရမည် ဖြစ်ကြောင်း၊ တာဝန်ကျရာဒေသများတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိ၏ရည်မှန်းချက်၊ ဦးတည်ချက်များ မှန်ကန်ပြီး မိမိလုပ်ငန်းကိုတန်ဖိုးထားကာ မတူကွဲပြားမှုများကိုစွန့်လွှတ်၍ တူညီမှုခွန်အားဖြင့် ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီလက်တွဲကာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ ၂၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၃ သိန်းကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

**တက်ရောက်**

ယခုသင်တန်းသား သင်တန်းသူများမှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်၊ သပိတ်ကျင်း၊ စဉ့်ကူး၊ သာစည်နှင့် ကျောက်ဆည်မြို့နယ်တို့မှ အဆင့်ဆင့် စိစစ်ရွေးချယ်ထားသူများဖြစ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊စစ်ကိုင်း)တို့တွင် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**စစ်ကိုင်း မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ(၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်လို**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအတွင်း လာရောက်လည်ပတ် တည်းခိုနေထိုင်ကြမည့် ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံစွာဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ သွားရောက်လည်ပတ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဝင်များက တတ်သိပညာရှင်များ၊



ဆက်စပ်ဌာနဆိုင်ရာများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြည်တွင်း/ပြည်ပ ခရီးသွားများ စိတ်ဝင်စားသည့် အထင်ကရခရီးစဉ်ဒေသများ၊ ထင်ရှားသည့် ဘုရားပုထိုးစေတီများ၊ သာယာလှပသည့် တောတောင်သဘာဝနှင့် တိုင်းရင်းသားရိုးရာ ဓလေ့များစွာလည်း ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်လာရေး၊ ခရီးသွားများ ယုံကြည်စိတ်ချစွာ တည်းခိုနေထိုင်ရေးတို့အတွက် နယ်မြေ ဒေသအခြေအနေအရ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဝင်များနှင့် ခရီးသွား တတ်သိပညာရှင်များ၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များ၊ ခရီးသွားနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများ၊ DMO များအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးမြင့်စိန်နှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဟိုတယ်/တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ခွင့်ပြုထားသည့် ဟိုတယ် ၃၉ လုံး၊ တည်းခိုရိပ်သာ ၂၁ လုံး စုစုပေါင်းအလုံး ၆၀ တွင် အခန်းပေါင်း ၂၀၄၀ ရှိရာ တိုင်းဒေသကြီးအတွင်းရှိ အထင်ကရ ဘုရားပုထိုးစေတီများတွင် ၂၀၂၂ ခုနှစ် မတ်လအတွင်း ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှု စုစုပေါင်း ၇၈၈၆ ဦး လာရောက်တည်းခိုလည်ပတ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟသ်ာတခရိုင်အခြေစိုက် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်းအမှတ်စဉ် (၄/၂၀၂၁) သင်တန်းဆင်းပွဲကျင်းပ

**ဟသ်ာတ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မေ ၂၆ ရက် နံနက် ၁၁ နာရီတွင် ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက် နွယ်သာကီလမ်းရှိ သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမ၌ ဟသ်ာတခရိုင်အခြေစိုက် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်းအမှတ်စဉ် (၄/၂၀၂၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ သင်တန်းဆင်းသူနာပြုများအနေဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အားထားရသော မောင်မယ်များအဖြစ် ကြိုးစားကြစေလိုကြောင်း၊ သင်ယူတတ်မြောက်ခဲ့သော ဆေးဝါးအတတ်ပညာနှင့် ကျန်းမာရေးအသိအမြင်များကို မိမိတို့ကျရာ ဒေသအသီးသီးရှိ မိဘပြည်သူများအား စေတနာ၊ ဝါသနာ အပြည့်ဖြင့် ပြန်လည်အကျိုးပြုစေလိုကြောင်း၊ မိမိတို့ဘဝတက်လမ်းများကိုလည်း လုပ်ငန်းခွင်အတွင်းမှ ထပ်မံကြိုးစားကြစေလိုကြောင်း၊ ယနေ့သင်တန်းဆင်းပွဲမှ မောင်မယ်များအားလုံးကို နိုင်ငံတော်ကိုယ်စား၊ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား၊ မိဘပြည်သူများအားလုံးကိုယ်စား အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်း၊ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခြင်း၊ ထောက်ပံ့ငွေနှင့် အလှူငွေများ ပေးအပ်ခြင်း၊ သင်တန်းဆင်းမောင်မယ်များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းကို ၂၅-၁၀-၂၀၂၁ ရက်မှ ၂၆-၄-၂၀၂၂ ရက်ထိ သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ၃၀ တို့တက်ရောက်ကြပြီး သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ဝေဝေလွင် ဦးဆောင်သော ဆရာ ဆရာမများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။



**ဟသ်ာတ(ပြန်/ဆက်)**

# ထိန်းသိမ်းသင့်သော ငါး၊ ပုစွန် သယံဇာတ

**ပေါက်ပေါက်**

မြန်မာနိုင်ငံသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများသဖြင့် ငါးသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်ကာ ကမ္ဘာပေါ်တွင် ငါးနှင့် ရေသယံဇာတ ပိုင်ဆိုင်မှုအဆင့် ၁၄ တွင် ရှိသည်။ ရေချိုငါးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေး၊ ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း၏ ထုတ်လုပ်မှုသည် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်ပြီး ပြည်တွင်းငါးထုတ်လုပ်မှု၏ ၂၈ ရာခိုင်နှုန်းခန့်ရှိကြောင်း စစ်တမ်းများက ဖော်ပြကြသည်။ သို့ရာတွင် ယခုအခါ လူဦးရေ ထူထပ်လာခြင်း၊ စီးပွားရေး ကျပ်တည်းလာခြင်းနှင့် အလွန်အကျွံဖမ်းဆီးမှုများ ရှိနေခြင်းတို့ကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များသာမက မြန်မာ့ပင်လယ်ပြင်၌လည်း ငါးဖမ်းဆီးရရှိမှု လျော့နည်းလျက်ရှိသည်။

ရေချို၊ ရေငန် ငါး၊ ပုစွန် သယံဇာတများ ကြွယ်ဝစုံလင်စွာတည်ရှိသော မြန်မာနိုင်ငံသည် ပင်လယ် ငါး၊ ပုစွန်ထုတ်လုပ်မှုနှင့် ရေချို ငါး၊ ပုစွန် ထုတ်လုပ်မှု နှစ်မျိုးစလုံးတွင် ဖမ်းဆီးရရှိမှုများ တစ်နှစ်ထက်တစ်နှစ် နည်းပါးလာသည်။ ထို့ကြောင့် ရေသတ္တဝါ(အရှင်) သယံဇာတများ လျော့ပါးလာခြင်းသည် ရေလုပ်သားများအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်သည်။ ထို့ပြင် ပြည်ပပို့ကုန်အဖြစ် အားထားနေရသော မြန်မာ့ရေထွက်ကုန်များမှာ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဈေးနှုန်းကျဆင်းလာခြင်း၊ ပင်လယ်ပြင်တွင် ဖမ်းဆီးရရှိမှု နည်းပါးလာခြင်းနှင့် ကုန်ကျစရိတ်များပြားလာခြင်း စသည်တို့ကြောင့် ရေလုပ်ငန်းကို မှီခိုအားထား၍ အသက်မွေးဝမ်းကျောင်းပြုနေရသူများ အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့နေကြရသည်။

မြန်မာ့ရေနက်ပိုင်းအတွင်း ငါးသယံဇာတ တည်ရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သော နော်ဝေသုတေသနရေယာဉ်၏ ရလဒ်တွင် မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတများ သိသိသာသာ လျော့နည်းလာကြောင်း၊ ၂၀၁၈ ခုနှစ် ရေပေါ်လွှာ ငါးထုထည်ပမာဏသည် ၁၉၇၉-၁၉၈၀ ပြည့်နှစ်ရှိ ပမာဏနှင့်နှိုင်းယှဉ်ပါက ၈၀ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ဖော်ပြထားသည်။ ဤအချက်က မြန်မာ့ပင်လယ်ပြင်အတွင်း ကန့်သတ်ထားသည့် ငါးဖမ်းကိရိယာများနှင့် စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုများ၊ ကမ်းဝေးငါးဖမ်းလှေအချို့ ကမ်းနီးသို့ ဥပဒေမဲ့ဝင်ရောက်ဖမ်းဆီးမှုများ၊ ငါးမဖမ်းရကာလအတွင်း စည်းကမ်းဖောက်ဖျက်သော ကမ်းဝေး




ငါးဖမ်းရေယာဉ်များရှိနေကြောင်းကို ဖော်ညွှန်းနေခြင်းဖြစ်ပေသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံအတွင်း ငါး၊ ပုစွန် သယံဇာတမပြုန်းတီးစေရေးအတွက် မြန်မာ့ပင်လယ်ပြင်တွင် ပုစွန်ကို တစ်လက်မပိုက်ဖြင့်လည်းကောင်း၊ ငါးကို နှစ်လက်မပိုက်ဖြင့်လည်းကောင်း သတ်မှတ်ထားသော ပိုက်အရွယ်အစားဖြင့်သာ ဖမ်းဆီးရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

### ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို၊ ရေငန် ရေပြင်များတွင် ငါး၊ ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး၊ ပုစွန် အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့တိုးပွားလာစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ရေသတ္တဝါများ၏ မျိုးပွားရာသီကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူစုဆောင်းခြင်း မပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ကာ ငါး၊ ပုစွန် သယံဇာတများကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

ယခုနှစ် မတ်လ ၂၁ ရက်နေ့ကလည်း ရေသတ္တဝါ(အရှင်)များ၏ မျိုးပွားရာသီချိန်တွင် ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ်၊ တင်ပို့ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အသိပေးကြေညာထားပါသည်။ အကယ်၍ စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ဌာနအနေဖြင့် ငါး၊ ပုစွန်များ၏ မျိုးပွားရာသီချိန်ကို အုပ်စုအမျိုးအစားအလိုက် သတ်မှတ်ချက်များမှာ -

- ကျောက်ပုစွန်၊ ကင်းပုစွန်နှင့် ငါးလင်ပန်းများကို ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိလည်းကောင်း၊
- ကျောက်ငါးကို ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ လည်းကောင်း၊
- ရေချိုငါးအားလုံးကို မေလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ လည်းကောင်း၊
- ရေငန်ပုစွန်များကို ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ လည်းကောင်း ကန့်သတ်ထားပါသည်။

**"ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ချက်များ ထုတ်ပြန်ထားသလို မိမိ၏အသိစိတ်ဓာတ်ဖြင့် ငါး၊ ပုစွန် မျိုးမတုံးသွားစေရန်၊ သက်ရှိ ရေသယံဇာတများ မရှားပါးစေရန်နှင့် စောင့်ထိန်းဆောင်ရွက်ရန် ကိစ္စမှာ ရေလုပ်သားများအားလုံး၏ တာဝန်သာဖြစ်ပေသည်။ သား၊ ငါး သယံဇာတရှားပါးမှု သိသိသာသာဖြစ်ပေါ်လာသည့်အတွက် ငါး၊ ပုစွန်များ ပေါက်ပွားသည့်ရာသီတွင် ဖမ်းဆီးမှုကို ပိတ်ပင်တားမြစ်ခြင်းအားဖြင့် ရေရှည်တွင် ငါး၊ ပုစွန်များ မျိုးသုဉ်းမှုကို လျော့ပါးသက်သာလာစေမည့်အပြင် တစ်နိုင်ငံလုံး စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူဖြစ်"**

### ငါးသားပေါက် စတင်ထည့်သွင်း မွေးမြူခြင်းဆိုင်ရာနည်းပညာ

ငါးအာဟာရစားသုံးနှုန်းကို ဖြည့်ဆည်းပေးရန်အတွက် တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြရာ၌ ငါးသားပေါက် စတင်ထည့်သွင်း မွေးမြူခြင်းဆိုင်ရာနည်းပညာကို သိထားရန် လိုအပ်သည်။ ငါးသားပေါက်များကို မှာယူမွေးမြူမှု မပြုလုပ်မီ ငါးမွေးမြူသူများအနေဖြင့် သတိပြုသင့်သည့် အချက်အလက်တချို့ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- ကန်ထဲသို့ တိုက်ရိုက်မထည့်ပါနှင့်။ လမ်းခရီးတစ်လျှောက် ပုံးများနှင့်သယ်လာသောအခါ ငါးများက ခရီးပန်း (stress) နေပါပြီ။ ထိုအချိန်မှာ ငါးများကို မွေးကန်ထဲသို့ တိုက်ရိုက်ထည့်လိုက်သောအခါ ရုတ်တရက် သေဆုံးသွားတတ်သည်။
- အကိုင်အတွယ် မကြမ်းမိစေရန် သတိပြုပါ။ ကနဦးအနေဖြင့် ငါးသားပေါက်များကို အဝကျယ်သော ရေဇလားကြီးတစ်ခုထဲသို့ ညင်သာစွာထည့်ပါ။ ထို့နောက် မွေးမြူရန် အသင့်လုပ်ထားသည့် ကန်အတွင်းက ရေကိုခပ်၍ ငါးလေးများထည့်ထားသည့် ဇလားထဲသို့ ဖြည်းဖြည်းချင်း အနည်းငယ်စီ ထည့်ပေးပါ။
- ထို့နောက် ၎င်းဇလားထဲသို့ ရေအနည်းငယ်စီလောင်းထည့်ပေးပါ။ ဤလုပ်ဆောင်ချက်က ငါးများကို မွေးမြူရေးကန်ထဲ မထည့်မီ ပြင်ပလေထု၊ မွေးကန်ထဲရှိ ရေနှင့် နေသားတကျဖြစ်စေရန် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။
- ရေဇလားကို မွေးမြူကန်ထဲ ခပ်ဖြည်းဖြည်းစောင်း၍ ငါးသားပေါက်များ ၎င်းတို့ကိုယ်တိုင်ရေကူးပြီး မွေးမြူကန်ထဲကို ကူးခတ်တိုးဝင်သွားသည့် အခြေအနေမျိုး ဖန်တီးပေးခြင်းဖြင့် ငါးသားပေါက် အသေအပျောက်နှုန်း နည်းပါးသွားစေမည် ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ချက်များ ထုတ်ပြန်ထားသလို မိမိ၏အသိစိတ်ဓာတ်ဖြင့် ငါး၊ ပုစွန် မျိုးမတုံးသွားစေရန်၊ သက်ရှိ ရေသယံဇာတများ မရှားပါးစေရန်နှင့် စောင့်ထိန်းဆောင်ရွက်ရန် ကိစ္စမှာ ရေလုပ်သားများအားလုံး၏ တာဝန်သာဖြစ်ပေသည်။ သား၊ ငါး သယံဇာတရှားပါးမှု သိသိသာသာဖြစ်ပေါ်လာသည့်အတွက် ငါး၊ ပုစွန်များ ပေါက်ပွားသည့်ရာသီတွင် ဖမ်းဆီးမှုကို ပိတ်ပင်တားမြစ်ခြင်းအားဖြင့် ရေရှည်တွင် ငါး၊ ပုစွန်များ မျိုးသုဉ်းမှုကို လျော့ပါးသက်သာလာစေမည့်အပြင် တစ်နိုင်ငံလုံး စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူဖြစ်စေပါမည်။

သို့ပါ၍ ငါး၊ ပုစွန် သယံဇာတများ ရေရှည်တည်တံ့ရေးသည် လူသားများ၏ စားနပ်ရိက္ခာဖူလုံရေးအတွက်သာမက လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုအတွက်ကိုပါ အထောက်အကူ ဖြစ်စေသည်ဖြစ်ရာ ငါး၊ ပုစွန် သယံဇာတများ မဖြုန်းတီးရန် ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်လိုက်ရပါသည်။ ။

**"ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို၊ ရေငန် ရေပြင်များတွင် ငါး၊ ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး၊ ပုစွန် အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့တိုးပွားလာစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ရေသတ္တဝါများ၏ မျိုးပွားရာသီကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူစုဆောင်းခြင်းမပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ကာ ငါး၊ ပုစွန် သယံဇာတများကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ"**

# ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာစစ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံအထိရှိခဲ့

**စတော့ဟုမ်း မေ ၂၆**

၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ စစ်ရေး အသုံးစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ နှစ်ထရီလီယံရှိခဲ့ကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးသုတေသနအင်စတီကျူက မေ ၂၅ ရက်တွင် ထုတ်ပြန်သည့် နှစ်စဉ်ပြုလုပ်သော စစ်တမ်း၏ရလဒ်များအရ သိရသည်။



၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ စစ်ရေး အသုံးစရိတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁ ထရီလီယံ ရှိခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း စစ်ရေးအသုံး စရိတ်ထက် သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ ကြောင်း စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး သုတေသနအင်စတီကျူ၏ ထုတ်ပြန်ချက်တွင် ဖော်ပြ ထားသည်။

အဆိုပါ ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ်သည် စတော့ဟုမ်းအပြည်ပြည် ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအင်စတီကျူက စတင် စစ်တမ်းကောက်ယူခဲ့သည့် ၁၉၈၈ ခုနှစ်နောက်ပိုင်း အသုံးစရိတ်အများဆုံးဖြစ်ကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း စစ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၈၀၁ ဘီလီယံ အသုံးပြုခဲ့ကာ စစ်ရေးအသုံးစရိတ် အများဆုံးအသုံး ပြုခဲ့ကြောင်း၊ ယင်းပမာဏသည် ၂၀၂၀ ပြည့်နှစ်က ထက် ၁ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် စစ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၂၉၃ ဘီလီယံဖြင့် စစ်ရေးအသုံး စရိတ် ဒုတိယအများဆုံး အသုံးပြုခဲ့ကြောင်းနှင့် ရုရှား နိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် စစ်ရေးအသုံးစရိတ် အသုံးပြုမှုတွင် အဆင့် ငါးနေရာတွင် ရပ်တည်လျက် ရှိကြောင်း စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအင်စတီကျူ၏ စစ်တမ်းအရ သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၃၁ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၂၆**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၃၁ ဦးထပ်မံ တွေ့ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၆၂၀၂၀၃ ဦးရှိပြီး သေဆုံးသူ ပေါင်း ၄၃၀၂၉ ဦးရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၉၁၁၆၂၂၅ ဦးရှိပြီး ယင်းအရေ အတွက်သည် ကူးစက်ခံရသူပေါင်း၏ ၈၆ ရာခိုင်နှုန်း ရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ် ဆေးအလုံးရေ ၂၁၃ ဒသမ ၁ သန်းကျော်အသုံးပြုပြီး ဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၉၄ ဒသမ ၈ သန်း ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ် နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြား သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၃၆၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၂၆**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၈၀၃၆၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၇၀၀၉၈၆၅ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မေ ၂၆ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၈၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါ ရောဂါဖြင့် သေဆုံးသူပေါင်း ၂၂၃၂၅ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီက ပြောကြားသည်။ အဆိုပါ တစ်ရက် အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူအရေ အတွက်သည် နိုင်ငံအတွင်း သေဆုံးသူပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၃၉၂၃၅ ဦးကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေး ပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၀၇၆၀၆၀ သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်းကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်း ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်အတွင်းရှိ ရှားပါးမျိုးစိတ်ဝင် ဖားများအား ကျက်စားရာတောအတွင်းသို့ ပြန်လည်လွှတ်ပေး

**ဆစ်ဒနီ မေ ၂၆**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေး ပြည်နယ်အတွင်းရှိ ရှားပါးမျိုးစိတ်ဝင် ဖားအကောင်ရေ ၁၀၀ ခန့်ကို မျိုးတုံး ပျောက်ကွယ်မှုမှ ကာကွယ်ရန်အတွက် နေထိုင် ကျက်စားရာ သစ်တောများထဲသို့ ပြန်လည် လွှတ်ပေးခဲ့ကြောင်း သိရသည်။

နယူးဆောက်ဝေးပြည်နယ်တွင် ၂၀၀၁ ခုနှစ်က Chytrid Fungus ခေါ် ရောဂါတစ်မျိုး ဖြစ်ပွားမှုကြောင့် ဖားကောင်ရေအများအပြား သေဆုံးခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဗစ်တိုးရီးယားပြည်နယ်၌ အဆိုပါရောဂါကို ခံနိုင်ရည်ရှိသည့် ဖားကောင် ရေအများအပြားမွေးဖွားလာသည်ကို လက်ရှိ အချိန်တွင်ပြန်လည်တွေ့ရှိရကြောင်း သိရသည်။

၎င်းဖားများသည် ၎င်းတို့ မှီတင်းနေထိုင် ရာဒေသများ၏ ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန် အထောက်အကူပြုကြောင်း သိရသည်။ ယခု ကဲ့သို့ အဆိုပါ ရှားပါးမျိုးစိတ်ဝင်ဖားများကို ၎င်းတို့ နေထိုင်ကျက်စားရာ တောအတွင်းသို့ ပြန်လွှတ်ပေးခဲ့ခြင်းသည် ၎င်းဖားများ၏ လက်ရှိအကောင်ရေကို ထိန်းသိမ်းရန် ကြိုးပမ်း ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်းနှင့် လက်ရှိ အချိန်တွင် နယူးဆောက်ဝေးနှင့် ဗစ်တိုးရီးယား ပြည်နယ်များ၌ အဆိုပါဖားများကို ရေရှည် ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃ သန်းကျော်ရှိလာ

**နယူးဒေလီ မေ ၂၆**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရ သူ ၂၄၈၃ ဦး ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၁၆၂၅၆၉ ဦးရှိလာကြောင်း ကျန်းမာ ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် ၂၀၀၀ ကျော်ရှိလာခဲ့သည်မှာ ခုနစ်ရက် ခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကိုဗစ်–၁၉ ရောဂါကြောင့် ၁၃၉၉ ဦး ထပ်မံသေဆုံးခဲ့သဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂၄၆၂၂ ဦး ရှိလာခဲ့သည်။ နိုင်ငံအတွင်း လက်ရှိ အချိန်တွင် နေ့စဉ် ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာခဲ့ပြီး အာသံပြည်နယ်တွင် ယနေ့ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံး သူ ၁၃၄၇ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာ ၁၅၆၃၆ ဦးရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၂၅၂၃၁၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

■



# ကုန်သွယ်ရေးနှင့် နည်းပညာဆိုင်ရာ ကောင်စီတစ်ရပ်တည်ထောင်ရန် ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့ သဘောတူညီ

**နယူးဒေလီ မေ ၂၆**

ဥရောပသမဂ္ဂ(အီးယူ)နှင့် အိန္ဒိယနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် နည်းပညာနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် ဝန်ကြီးများအဆင့် ကောင်စီတစ်ရပ်ကို တည်ထောင်ရန် သဘောတူညီခဲ့ကြကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်နှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီတို့ မေ ၂၅ ရက်တွင် မြို့တော်နယူးဒေလီ၌တွေ့ဆုံစဉ်သဘောတူညီခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီတို့ တွေ့ဆုံဆွေးနွေးစဉ် ကုန်သွယ်ရေး၊ ယူကရိန်းအရေးနှင့် အင်ဒို-ပစိဖိတ်ဒေသတွင်း အခြေအနေများကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲပြီးနောက် ထုတ်ပြန်သည့် ပူးတွဲထုတ်ပြန်ချက်အရ ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် နည်းပညာဆိုင်ရာ ကောင်စီတစ်ရပ်ကို တည်ထောင်ရန်သဘောတူညီခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးနှင့် နည်းပညာဆိုင်ရာ ကောင်စီတစ်ရပ် တည်ထောင်မည့် ဒုတိယမြောက်နိုင်ငံဖြစ်ကြောင်း သိရသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်၏ နယူးဒေလီသို့ သွားရောက်ရသည့် ခရီးစဉ်၏ ရည်ရွယ်ချက်သည် ရုရှား-ယူကရိန်းအရေးနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအား တွန်းအားပေးရန်ဖြစ်သော်လည်း အိန္ဒိယနိုင်ငံသည် လက်ရှိအချိန်တွင် ရုရှားနိုင်ငံအား ဝေဖန်ခြင်းလည်း မရှိသလို ထောက်ခံခြင်းလည်းမပြုသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**



ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီ။

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၃၈၀ ထပ်မံတွေ့ရှိ

**ဝယ်လင်တန် မေ ၂၆**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၃၈၀ ထပ်မံတွေ့ရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၁၆၆၇ ဦးသည် နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသူများမှာ နိုင်ငံတစ်ဝန်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယနေ့တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ၁၆ ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါ လူနာ ၅၀၈ ဦးသည် နယူးဇီလန်နိုင်ငံရှိ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ လေးဦးထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်း အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၈၉၃၆၃၄ ဦးရှိလာကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**




# အာရှဖွံ့ဖြိုးရေးဘဏ်က ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ရေး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈ ဘီလီယံသုံးစွဲခဲ့

**မနီလာ မေ ၂၆**

အာရှနှင့် ပစိဖိတ်ဒေသအတွင်း ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါ၏ အကျိုးသက်ရောက်မှုများအား ပြန်လည်ကုစားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ၂၀၂၁ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈ ဘီလီယံ သုံးစွဲခဲ့ကြောင်း သိရသည်။

၎င်းဘဏ်မှ ထုတ်ပြန်သည့် ၂၀၂၁ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ၌ အာရှဖွံ့ဖြိုးရေးဘဏ်၏ အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအား ဘဏ္ဍာရေးဆိုင်ရာ ကူညီပေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အာရှဖွံ့ဖြိုးရေးဘဏ်က ပေးအပ်ခဲ့ကြောင်း ဖော်ပြထားသည်။ မိမိတို့ဘဏ်မှ ဆောင်ရွက်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများအရ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်များကို ချမှတ်နိုင်ခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်အကြီးအကဲ မတ်ဆက်ဆူဂူအာဆာကာဝါက ပြောကြားသည်။ အာရှဖွံ့ဖြိုးရေးဘဏ်က ၂၀၂၁ ခုနှစ်အတွင်း သုံးစွဲခဲ့သည့် ငွေကြေးများအနက် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈ ဘီလီယံကို ကမ္ဘာ့နိုင်ငံများရှိ အစိုးရများနှင့် ပုဂ္ဂလိကလုပ်ငန်းများအား ချေးငွေထုတ်ချေးခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် နည်းပညာဆိုင်ရာ အကူအညီများပေးအပ်ခြင်း စသည့်ကဏ္ဍများတွင် ကျခံသုံးစွဲခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# လာအိုနိုင်ငံကျေးလက်ဒေသ၌ ဆောင်ရွက်မည့် အီလက်ထရွန်နစ် ကုန်သွယ်ရေး စီမံကိန်းဆိုင်ရာ နည်းပညာအကူအညီပေးရေး လက်မှတ်ရေးထိုးပွဲ ကျင်းပ

**ဗီယင်ကျန်း မေ ၂၆**

လာအိုနိုင်ငံ ကျေးလက်ဒေသ၌ တရုတ်နိုင်ငံ၏ အကူအညီဖြင့် လုပ်ငန်းဆောင်ရွက်မည့် အီလက်ထရွန်နစ် ကုန်သွယ်ရေးစီမံကိန်းဆိုင်ရာ နည်းပညာ အကူအညီပေးရေး လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့က လာအိုနိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ လာအိုနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဂျင်ဇေဒေါင်နှင့် လာအိုနိုင်ငံစက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီး ကန်ဖန်စေစွန်ဖန်တို့ တက်ရောက်ခဲ့ကြသည်။

လာအိုနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များအား ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် အီလက်ထရွန်နစ်ကုန်သွယ်ရေး စီမံကိန်းမှတစ်ဆင့် တည်ထောင်မည့် ကုန်သွယ်ရေးစကြံမှ ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ၎င်းကုန်သွယ်ရေးစကြံအား တရုတ်နိုင်ငံ၏ အောင်မြင်မှုရရှိခဲ့သည့် ကျေးလက်အီလက်ထရွန်နစ် ကုန်သွယ်ရေးစနစ်မှ အတွေ့အကြုံများအပေါ်တွင် အခြေခံကာ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သဖြင့် လာအိုနိုင်ငံမှ ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ကျယ်ကျယ်ပြန့်ပြန့် တင်ပို့လာနိုင်မည်ဖြစ်ပြီး လာအိုနိုင်ငံမှ တောင်သူလယ်သမားများ အနေဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း အဆိုပါ စီမံကိန်းအား တာဝန်ယူဆောင်ရွက်သည့် Anhui Easy Business Digital Technology Co., Ltd မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဇောင်ကျန်းက ပြောကြားသည်။

ထို့ပြင် အဆိုပါစီမံကိန်း အောင်မြင်စေရေးအတွက် တရုတ်နှင့် လာအိုနိုင်ငံများမှ ဌာနအဖွဲ့အစည်းများက လိုအပ်သည့် စီမံခန့်ခွဲမှုများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစီမံကိန်းသည် တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံအကြား အီလက်ထရွန်နစ် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်စေခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

■

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၄၃ သန်းကျော် ရှိလာ

**ကွာလာလမ်ပူ မေ ၂၆**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၇၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၃၃၅၅၁ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၄၇၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ခုနစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ရှစ်ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၅၀၇ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၂၁၅ ဦး ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၃၀၃၇ ဦး ရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၆၈၀၀၇ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၁ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။



**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

## ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းနှင့် ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဟောင်း ဦးကျော်ဆန်း၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦး၊ ကုမ္ပဏီ ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းမင်းခိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် ဧပြီ ၂၆

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ ရောင်းချခြင်း ဆောင်ရွက်ချက်များတွင် အဂတိလိုက်စားမှုများရှိနေသောကြောင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုတို့သည် တီကျစ်ကျောက်မီးသွေးအကြီးစား ထုတ်လုပ်မှုအပေါ် နိုင်ငံတော်မှ ၃၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကမှ ၇၀ ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်သို့ ပေးသွင်းသည့် ဓာတ်သတ္တုခွန် နှစ်ရာခိုင်နှုန်းကို ဓာတ်သတ္တုများ ရောင်းချသည့်အခါ ပြောင်းလဲလာသည့်နှစ်အလိုက် သတ်မှတ်ထားသည့် ဓာတ်သတ္တုထုတ်လုပ်မှု တစ်တန်ရောင်းဈေး (၂၀၁၈-၂၀၁၉ ခုနှစ်တွင် တစ်တန်လျှင် ငွေကျပ် ၄၈၁၀၀၊ ၂၀၁၉-၂၀၂၂ ခုနှစ်အထိ တစ်တန်လျှင် ငွေကျပ် ၅၆၅၀၀) အပေါ် ပြင်ဆင်ကောက်ခံရမည်ဖြစ်သော်လည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ၁/၂၀၁၇ ဆုံးဖြတ်ချက်အတိုင်း ကျောက်မီးသွေးထုတ်လုပ်မှု တစ်တန်ရောင်းဈေး ငွေကျပ် ၁၂၀၀၀ နှုန်းအပေါ်တွင်သာ တွက်ချက်ကောက်ခံခဲ့သောကြောင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်အလိုက်ထုတ်လုပ်သည့် ကျောက်မီးသွေးတန်ချိန် ၂၃ သိန်းကျော်အတွက် ဓာတ်သတ္တုခွန် ငွေကျပ်သန်း ၁၉၀၀ ကျော်နှင့် နိုင်ငံတော်မှရရှိမည့် ထုတ်လုပ်မှုအချိုး ၃၀ ရာခိုင်နှုန်းအပေါ် ငွေကျပ်သန်း ၁၄၀၀၀ ကျော် လျော့နည်းရရှိခဲ့ပြီး နိုင်ငံတော်မှ စုစုပေါင်းငွေကျပ်သန်း ၁၅၉၀၀ ကျော် နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ စာချုပ်ချုပ်ဆိုစဉ် လက်မှတ်ရေးထိုးပြီး လုပ်ငန်းအကောင်အထည်ဖော်မှုများအပေါ် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသည့် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဟောင်း ဦးကျော်ဆန်းနှင့် နိုင်ငံတော် နစ်နာမှုများဖြစ်စေရန် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရ လည်းကောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတို့သည် ကျောက်မီးသွေးဝယ်ယူခြင်း စာချုပ်ချုပ်ဆိုရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ တစ်တန်ဈေးနှုန်း တွက်ချက်သတ်မှတ်ရာ၌ ထုတ်လုပ်မှုပမာဏကို စာချုပ်ပါ တစ်ရက်ပုံမှန် ထုတ်လုပ်ပေးသွင်းနိုင်စွမ်းရှိသည့် တန်ချိန် ၂၀၀၀ ဖြင့် လျာထားတွက်ချက်မှုမပြုဘဲ တစ်ရက်တန်ချိန် ၁၇၅၀ ဖြင့် ထုတ်လုပ်မှု လျော့နည်းတွက်ချက်၍ တစ်တန်ဈေးနှုန်း တိုးမြှင့်တင်ပြခဲ့ခြင်းကြောင့် တစ်တန်လျှင် ငွေ ၅၈၀၉ ဒသမ ၁၂ ကျပ်နှုန်း ပိုမိုကုန်ကျခဲ့၍ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဌာနမှဝယ်ယူခဲ့သည့် တန်ချိန် ၁၄ သိန်းကျော်အတွက် ငွေကျပ် ၈၂၀၀ သန်းကျော်နှင့် တစ်တန်ဈေးနှုန်းတွင် ကုမ္ပဏီမှ ပေးဆောင်ရမည့် ဝင်ငွေခွန်ကို ထည့်သွင်းတွက်ချက်ပေးခဲ့သဖြင့် ဝင်ငွေခွန်ငွေကျပ်သန်း ၁၂၀၀ ကျော် စုစုပေါင်းငွေကျပ်သန်း ၉၄၀၀ ကျော် နိုင်ငံတော်မှ နစ်နာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ စာချုပ်ပါ သတ်မှတ်ချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသည့် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် နိုင်ငံတော်နစ်နာမှုများဖြစ်စေရန် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းမင်းခိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရ လည်းကောင်း နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းတွင် ယမန်နေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်းမပေါ်၌ တရားမဝင် ကျွန်းပရိဘောဂအပိုင်းအစနှင့် ကျွန်းတံခါးချပ်များ ၂ ဒသမ ၁၅၀၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၅၀၆၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၆၄၅၀၆၀** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧပြီ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၅၀၀၀၀)ကို လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ၅၄၁၅၅၀၂၂ ကျပ်)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၂၀၀၀၀၀၀) ကို လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၁၅၁၃၀၅၀၂၂** ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။



မူဆယ်မြို့နယ်အတွင်း၌ သိမ်းဆည်းရမိသည့် လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်အား တွေ့ရစဉ်။

ထို့အတူ ဧပြီ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၄၉၀၂ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၈၀၄၀)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့ (Honda Fit GE6) အမျိုးအစားယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၃ ရက် ၂၅ ရက် နှင့် ၂၆ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ **အမှုတွဲ (၁၀) မှု၊ (ခန့်မှန်းတန်ဖိုးငွေ ၁၈၉၅၄၈၁၂၂ ကျပ်)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၄-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ္ဟသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ |
| ၀၉:၁၀ | မွေးမြူရေးရာအဖြာဖြာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၂၀ | ရှမ္ဘယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂:၃၀ | MRTV National News |
| ၁၂:၅၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု |
| ၁၆:၃၅ | အသိပညာနှင့်အမှန်တရား **'မြတန်သာ'** |
| ၁၇:၁၀ | ခေတ်အလိုက်ကြေးမုံပြင် **'ကျော်ဖြစ်ရှစ်ကြွင်းဖြဲခန်း'** (အမျိုးသားပြတိုက်) |
| ၁၇:၃၀ | MRTV Travelogue |
| ၁၇:၄၅ | Road to 31st SEA Games Vietnam (Boxing) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'ငအောင်ပွဲဗဏ္ဍိုင် ရင်ဆိုင်ချိတက်'** (အပိုင်း-၃၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ် စုံဝင်းဝေ်ထုတ်'** (အပိုင်း-၁၅) |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Myat Day Thanar (Pan Ei Phyu) |
| 07:09 | Myanmar Traditional Snacks: Sago with coconut milk |
| 07:15 | Ecotourism: Bat Cave and Chatthin Wildlife Sanctuary |
| 07:27 | Mon Traditional Dishes |
| 07:37 | Myanmar's Traditions and Culture "Myanmar Pottery" |
| 08:00 | Tapestry - A Unique Combination Of Painting and Craftsmanship |
| 08:18 | Mekong-Lancang Cooperation: Puppet Festival- Alchemists Dance |
| 08:22 | Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China |
| 08:29 | Mularsheedi we love! |
| 08:37 | Reflected Glory |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Singapore Pavilion at Expo 2020 Dubai |
| 09:34 | Kyaw Min Thu (Winner) Lose2Win With Andy |
| 09:47 | Buddha Image Built Of Bamboo Strip |

**MRTV NRC**

**နောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၆)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ကရင်အိမ်သို့အလည်တစ်ခေါက်

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၅)

**ချင်း (ဇိုမီး) (၀၉:၀၀ မှ ၁၀:၀၀)**
အနာဂတ်ကြယ်ပွင့်လေးရဲ့ကျောင်းပိတ်ချိန်

**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ပုဇွန်တက်နဲ့ဟင်းခပေါင်းသီးကြော်

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းရှမ်းစက္ကူ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဆန်တိုဖူးပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခဲ့ရှူးရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**ဝကြောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ဖြူလူမျိုးအများစုနေထိုင်ရာတောင်ကျွန်းလေး

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၀:၁၅ | ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၀၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'** |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂) |
| ၁၁:၀၀ | ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၂) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၅ | တောင်သူတွေအကျိုးများ အော်ဂဲနစ်စိုက်နည်းများ |
| ၀၇:၃၅ | အသားတိုးကြက်မွေးမြူရေးမှသည် ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားရေးဆီသို့ |
| ၀၇:၅၀ | ရွှေဘိုပေါ်ဆန်း |
| ၀၈:၁၅ | ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ |
| ၀၉:၄၀ | တီကောင်မွေးမြူရေးနှင့်တီစွန့်ပစ်မြေဩဇာ ထုတ်လုပ်သုံးစွဲရေး |
| ၀၉:၅၅ | တောင်တန်းဆီကာပဲပုပ်သုတေသန |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

SCAN ME

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

✪ ကျောဖုံးမှ
ရွေ့ပြောင်းနိုင်သောပစ္စည်း၊ မရွေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေယှားကျေးရွာနေ သဲနုအောင် (၂၇)နှစ်သည် ၎င်းအသုံးပြုသည့် “Thae Nu Aung” Facebook အကောင့်၊ ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်နေ သီဟ (၁၉)နှစ်သည် ၎င်းအသုံးပြုသည့် “THI HA” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါးသရောက်မြို့ ကုလားတဲကျေးရွာနေ သက်ထွန်းစိုး (၃၃)နှစ်သည် ၎င်းအသုံးပြုသည့် “Thet Naing Htun” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် သစ္စာလမ်းရှိ DNNA ကိုယ်ပိုင်အထက်တန်းကျောင်းဝင်း၌ နေထိုင်သူများဖြစ်သည့် ဖြူဖြူသင်း(ခ)ဇာဇာ(၄၅)နှစ်၊ နန်းမိုးဟွမ် (ခ) နောင်ငယ် (၄၀)နှစ်၊ သဥ္ဇာကျော် (ခ) သဲသဲ (၃၅)နှစ်နှင့် နွဲ့နွဲ့အေး (၇၀)နှစ်တို့ လေးဦးသည် ၎င်းတို့အသုံးပြုသည့် “Phyu Phyu Thin”၊ “Nang Moe Hwan”၊ “Thae Thae”၊ “Ngwe Ngwe Aye” Facebook အကောင့်တို့နှင့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ (၂)ရပ်ကွက်နေ ဇော်ကြီး (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် “Zaw Kyi” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုက်ကြီးမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ထန်းတပင်(ရန်ကုန်) မေ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး အသေးစားစက်မှုလုပ်ငန်းများ တိုးလာစေရန်ရည်ရွယ်၍ ဆင်စခန်းကျေးရွာနှင့် ကျောင်းစုကျေးရွာတို့တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို မေ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်း၊ စီမံကိန်းတာဝန်ခံနှင့် ရွာတာဝန်ခံများက ဆင်စခန်းကျေးရွာနှင့် ကျောင်းစုကျေးရွာတို့တွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆင်စခန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး Type-1 အဆင့်ဖြင့် ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၀ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား အသင်းသူ ၁၀၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၉ သန်းထိ ထုတ်ချေးထားပြီးဖြစ်သည်။

အလားတူ Type-2 အဆင့်ဖြင့် ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား အသင်းသူ ၅၄ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၁၉ ဒသမ ၉ သန်းအထိ ထုတ်ချေးထားပြီးဖြစ်ကြောင်း တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းထံမှ သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## ရမည်းသင်းမြို့၌ သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပ

**ရမည်းသင်း မေ ၂၆**

ရမည်းသင်းမြို့နယ် ရွှေနန်းပေါ်ကျေးရွာ အောင်စစ်ငြိမ်း ပရဟိတလူမှုရေးအသင်းအဖွဲ့က ဒုတိယအကြိမ် နှစ်သစ်သက်ကြီး ပူဇော်ကန်တော့ပွဲအခမ်းအနားကို ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ သက်ကြီးအဘိုး အဘွားများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ဦးချင်း လှူဒါန်းပြီး တစ်နေ့တာ အာဟာရကျွေးမွေးပြုစု ကုသိုလ်ယူကြသည်။

ထို့နောက် အောင်စစ်ငြိမ်း ပရဟိတအဖွဲ့နာယက ဦးကြည်ဝင်းက ရွှေသင်း ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးငွေသိန်းထံသို့ တစ်နေ့တာ အာဟာရအတွက် အလှူငွေပေးအပ်၍ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)သို့ တက်ရောက်ခွင့်ရရှိရေး ဝါသနာရှင်လူငယ်များ ရွေးချယ်ပေး

**ပင်လောင်း မေ ၂၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)သို့ တက်ရောက်နိုင်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ အားကစားဝါသနာရှင်လူငယ်များ လာရောက်ရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားကွင်း၌ ရွေးချယ်မှုများ ပြုလုပ်ခဲ့သည်။

ရွေးချယ်ရေးလုပ်ငန်းများကို အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးနှင့်အဖွဲ့များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမိုမိုမောင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူစန်းစန်းအေးတို့က ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပင်လောင်းမြို့တွင်



လာရောက်အရွေးခံသည့် အားကစားဝါသနာရှင် လူငယ်အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦးရှိရာ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ခြောက်ဦးအား ပဏာမရွေးချယ်ပေးခဲ့သည်။

အဆိုပါ ပဏာမရွေးချယ်ခံရသူများသည် မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အခြားမြို့နယ်များနှင့်အတူ တောင်ကြီးမြို့၌ ထပ်မံသွားရောက်အရွေးချယ်ခံရမည်ဖြစ်ပြီး ထပ်မံရွေးချယ်ခြင်းခံရပါက အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ခွန်အာကာစိုး(ပင်လောင်း)**

## ဗန်းမောက်မြို့နယ်အတွင်း ကျောက်လမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဗန်းမောက် မေ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၂၇ ဒသမ ၁၅၆ သန်းဖြင့် ကသာခရိုင် ဗန်းမောက်မြို့နယ် ကနန်း-မူးသာ-လယ်ပဒုံလမ်းပေါ်တွင် နှစ်မိုင် ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။ **ငွေကြယ်**



## လဟယ်မြို့တွင် နွေရာသီကာလ အင်္ဂလိပ်စာအထောက်အကူပြု သင်တန်းဖွင့်လှစ်

**လဟယ် မေ ၂၆**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများအား အင်္ဂလိပ်စာအထောက်အကူပြုသင်တန်းကို ယနေ့မှစ၍ တစ်လကြာ လဟယ်မြို့ အထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကိုသာသနာ့ပါလပရဟိတကျောင်း (လဟယ်)နှင့် Ability school အဖွဲ့၊ ဒေသခံပြည်သူတို့ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းနည်းပြမှာ သံဃာတော် သုံးပါး၊ အရပ်ဘက်မှ နည်းပြဆရာ သုံးဦးတို့က သင်တန်းပို့ချပေးလျက်ရှိပြီး လဟယ်မြို့နယ်အတွင်းရှိ သင်တန်းသား ကျောင်းသူ ၂၃၀ တက်ရောက်သင်ယူနေကြောင်း သိရသည်။ **ယွန်း(မုံရွာ၊ ကိုယ်ပွား)**

# နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြု

**နေပြည်တော် မေ ၂၆**

နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်သူလူထုအား ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် ကာကွယ်ရန်အတွက် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းကာ တက်တက်ကြွကြွ ဆောင်ရွက်ပေးခဲ့ကြသည့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍကလည်း အဓိကကျကြောင်း၊ မိမိတို့အသက်အန္တရာယ်ကို ပဓာနမထားဘဲ ကြိုးကြိုးစားစားဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း လျော့ပါးသွားပြီဖြစ်ကြောင်း၊ Quarantine Center များ၊ Positive Center များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြသည့်အတွက် ကိုဗစ်-၁၉ ရောဂါ၏ အမျိုးမျိုးသော မျိုးကွဲသစ်များကို တားဆီးနိုင်ပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည်မှစတင်ကာ ယနေ့ ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာသည်အထိ ပူးပေါင်းတာဝန်ထမ်းဆောင်ခဲ့ကြသော လူမှုကူညီရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ခဲ့သည့် နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ ၂၂ ဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပရဟိတလူမှုကူညီရေးအသင်းများမှ စေတနာ့ဝန်ထမ်းများကိုယ်စား နေပြည်တော်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးအောင်ချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်လာကြသည့် ပရဟိတလူမှုကူညီရေးအသင်းများမှ စေတနာ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၆**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ညှိခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့ကျိုက်-ကော့ပရံ့-ဇာသပြင်လမ်းပိုင်းအား ကြည့်ရှုစစ်ဆေး

**ဘားအံ မေ ၂၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက ကော့ကျိုက်-ကော့ပရံ့-ဇာသပြင် (အဖြောင့်)လမ်းရှိ နှစ်စဉ်မိုးတွင်းကာလ ရေကျော်သည့်နေရာ လေးနေရာအား Overlay Level Seal လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကရင်ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ညိုနှင့် တာဝန်ရှိသူများက မြေတင်ခြင်းလုပ်ငန်း၊ ကျောက်ခင်းခြင်းလုပ်ငန်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ကော့ကျိုက်-ကော့ပရံ့-ဇာသပြင်(အဖြောင့်) လမ်းရှိ ရေကျော်သောနေရာ လေးနေရာအား ယခင်မူလကတ္တရာ လမ်း ၂၂ ပေအကျယ်မှ ကျောက်အခြေခံလွှာ ရှစ်လက်မ၊ ကွန်ကရစ် ဒု ကိုးလက်မရှိ ၂၄ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ရမည့်လမ်းအရှည် သုံးမိုင်အနက် ၁ မိုင် ၅ ဖာလုံကို ဆောင်ရွက်ပြီးဖြစ်ကာ ကျန်ရှိသည့်လမ်းပိုင်းအား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းလုပ်ငန်းဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ထားဝယ် မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၄/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုနှင့် လယ်ယာမြေစီမံခန့်ခွဲမှုများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှုများတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုများတွင် အလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လယ်ယာမြေနှင့် အခြားနည်းသုံးစွဲခွင့်များတွင် လာရောက်လျှောက်ထားသူများအနေဖြင့် စိစစ်ရန်လိုအပ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် လယ်ယာမြေနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းလင်းဦးက လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဆွေးနွေးချက်များအပေါ် လမ်းညွှန်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် မေ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ အမိတာရာမရဲကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ရှိ စံကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ရှိ ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ခေမာရာမ (ကျိုင်းတုံ)ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■


# (၈)ကြိမ်မြောက် အာဆီယံရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအစုအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်

နေပြည်တော် မေ ၂၆

(၈)ကြိမ်မြောက် အာဆီယံရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအစုအဖွဲ့အစည်းအဝေး (8th SOMRI Working Group on Content and Production Meeting – 8th SOMRI WG–CP)အား ယနေ့နံနက် ၈ နာရီခွဲတွင် ဘရူနိုင်းနိုင်ငံမှ Video Conferencing စနစ်ဖြင့် ပြုလုပ်ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာအောင် ဦးဆောင်သည့်အဖွဲ့သည် နေပြည်တော်-တပ်ကုန်းနှင့် ရန်ကုန်တို့မှ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးအဆင့်ရှိ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ ဘရူနိုင်းနိုင်ငံမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာများနှင့် စပ်လျဉ်းသည့် အာဆီယံအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များ၊ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ၊ သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅)ဆိုင်ရာများ၊ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်းပြီး အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ အစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ စီမံကိန်းအသစ်များအား ဆွေးနွေးညှိနှိုင်းခြင်းများ အပါအဝင် (9th WG CP) ထပ်မံ၍ အလှည့်ကျကျင်းပမည့် နိုင်ငံရွေးချယ်အတည်ပြုခြင်းတို့အား ဝိုင်းဝန်းဆွေးနွေးကြသည်။

အာဆီယံရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအစုအဖွဲ့အစည်းအဝေး (Working Group on Content and Production (8th SOMRI WG–CP)သည် အာဆီယံပြန်ကြားရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (Senior Officials' Meeting Responsible for Information–SOMRI) မှ ဆုံးဖြတ်ခဲ့သည့် စီမံကိန်းများနှင့် ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကောင်းစွာအထောက်အပံ့ပြုနိုင်ရေး၊ သတင်းမီဒီယာကဏ္ဍဆိုင်ရာ ရုပ်သံထုတ်လွှင့်မှုအစီအစဉ်များနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းများအား သုံးသပ်တင်ပြနိုင်ရေး၊ သတင်းမီဒီယာကဏ္ဍ၏ မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းမျဉ်းချမှတ်ခြင်း၊ နည်းပညာစံသတ်မှတ်ခြင်းနှင့် မူဘောင်သတ်မှတ်ခြင်းများကို အသေးစိတ်လေ့လာသုံးသပ်ပြီး အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တင်ပြနိုင်ရေးနှင့် SOMRI မှသဘောတူထားသည့် ပြန်ကြားရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အဓိက ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

SOMRI Working Group on Content and Production အစည်းအဝေးများအား ဆန္ဒအလျောက် အဆိုပြုသည့်နိုင်ငံမှ ဦးဆောင်ကျင်းပသည့်စနစ်ဖြင့် အနည်းဆုံးတစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

နေပြည်တော် မေ ၂၆

**ကြယ်မကြွေသော ထိုကောင်းကင်**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရရှိသည့် စာရေးဆရာမ ယဉ်ယဉ်(ဘက်ရဲ)၏ "ကြယ်မကြွေသော ထိုကောင်းကင်" စာအုပ်ကို ရောင်းဈေး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် လူငယ်တို့၏ ဘဝတိုးတက်ရေးအတွက် အတုယူဖွယ်စိတ်ဓာတ်၊ ထားရှိရမည့် စိတ်နေသဘောထားတို့ကို ညွှန်းပြထားသည်။ မိသားစုစားဝတ်နေရေးအတွက် မိခင်၏ ရုန်းကန်လှုပ်ရှားရမှုများကို ကူညီလုပ်ဆောင်ရာမှ မှန်ကန်သောအတွေးအခေါ်၊ ကြံ့ခိုင်သောစိတ်ဓာတ်တို့ဖြင့် အောင်မြင်သောဘဝတစ်ခုကို တည်ဆောက်နိုင်ခဲ့သည့် လူငယ်တစ်ဦး၏ဖြစ်ရပ်ကို အတုယူ အားကျဖွယ်ရေးသားထားသည်။ အခက်အခဲနှင့် ဆုံးရှုံးမှုများကြားမှ ရုန်းကန်နိုးထ မလျှော့သောလုံ့လဖြင့် အောင်မြင်မှုရအောင် ကြိုးစားလုပ်ဆောင်ခဲ့ပုံတို့ ပေါ်လွင်အောင် အပိုင်းများခွဲ၍ လူငယ်အကျိုးပြု ဝတ္ထုရှည်သဖွယ်၊ လူငယ်လမ်းပြဝတ္ထုတို ပေါင်းချုပ်သဖွယ် မျှတစွာရေးဖွဲ့ထားသည်။ ကျေးလက်သဘာဝနောက်ခံထားပြီး ရေးသားထားသဖြင့် ဗဟုသုတများ တိုးပွားစေသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**မလင်းဘယ်ခါ ရှိပ့ါမယ်**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ဝတ္ထုရှည် ပထမဆုရရှိသည့် စာရေးဆရာ ညိမ်းညို၏ "မလင်းဘယ်ခါ ရှိပ့ါမယ်" စာအုပ်ကို ရောင်းဈေး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရှမ်းပြည်နယ် ဆီဆိုင်မြို့ကို အခြေပြုသော တပ်ရင်းတစ်ရင်းမှ တပ်မတော်သား စစ်သည်များ၏ ဘဝများစွာကို သဘာဝကျကျ ထင်ဟပ်ဖွဲ့ဆိုထားသော ဝတ္ထုရှည်ဖြစ်သည်။ ရှေ့တန်းစစ်မြေပြင်မှ အတွေ့အကြုံ၊ နောက်တန်းမှ မိသားစုဖြစ်ရပ်စုံများဖြင့် ဝတ္ထုကို စိတ်ဝင်စားဖွယ်ဖြစ်အောင် တန်ဆာဆင်ရေးသားထားသည်။ ရှေ့တန်းတွင် ရဲရဲဝံ့ဝံ့နှင့် တိုက်ရည်ခိုက်ရည် ကောင်းသလောက် နောက်တန်းရောက်သည့်အခါမှာလည်း စိတ်နှလုံးနူးညံ့ပြီး သံယောဇဉ်ကြီးတတ်သော တပ်ကြပ်ကြီးတစ်ဦး၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ဘဝဖြတ်သန်းမှုကို ရေးသားထားသော ဝတ္ထုစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**ဆက်သွယ်ဝယ်ယူနိုင်**

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ်(တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၃၀ လမ်းနှင့် ၃၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၄၈၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆရာကြီးပါရဂူ ရေးသားသည့် "သမိုင်းသင်ခန်းစာ" စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၂၆

စာပေဗိမာန်သည် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ကြီးများ၏ စာပေလက်ရာများကိုထုတ်ဝေရန် ဆောင်ရွက်လျက်ရှိရာ အမျိုးသားစာပေတစ်သက်တာဆုကို ပွဲဦးထွက်ရရှိခဲ့သူ စာရေးဆရာကြီး ဦးလှကြိုင်(ပါရဂူ) ရေးသားသည့် "သမိုင်းသင်ခန်းစာ" စာအုပ်ကို ပြန်လည်ထုတ်ဝေလိုက်ပါသည်။ "သမိုင်းသင်ခန်းစာ" စာအုပ်ကို ၂၀၀၉ ခုနှစ်တွင် ပြည့်စုံစာပေတိုက်က ပထမအကြိမ်၊ ၂၀၁၉ ခုနှစ်တွင် စိတ်ကူးချိုချိုစာပေတိုက်က ဒုတိယအကြိမ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ့သမိုင်းတွင် ပုဂံသမိုင်းကဏ္ဍသည် ဝိဝါဒဖြစ်ရသော၊ သမိုင်းဆရာများ အငြင်းပွားရသောကဏ္ဍဖြစ်သည်။ "သမိုင်းသင်ခန်းစာ" စာအုပ်သည် သမိုင်းဖြစ်ရပ်မှန်နှင့် ပိုမိုနီးစပ်စေရန် ပုဂံအကြောင်း မဇ္ဈိမပဋိပဒါကျကျ ရှုမြင်သုံးသပ်ထားသောစာအုပ်ဖြစ်သည်။ ကျန်စစ်သားဘဝ ပြဇာတ်၊ စောလူးနှင့် ပုဏ္ဏားမိုက်၊ ဘုရားဆုပန်မြန်မာဘုရင် အလောင်းစည်သူ၊ ကျောက်စာကပြောသော သမိုင်း၊ ပံ့သကူမထေရ်များ၊ ပုဂံဗိသုကာနှင့် အိန္ဒိယယဉ်ကျေးမှု၊ ပုဂံပြည်နှင့် တရုတ်ပြည်၊ ပုဂံပြည်နှင့် လင်္ကာဒီပ စသည်ဖြင့် ပုဂံသမိုင်းခရီးစခန်း၏ ရှုကွင်း၊ မြင်ကွင်းများ၊ မင်းကောင်း၊ မင်းဆိုးများ၏ ဘဝဖြစ်စဉ်သင်ခန်းစာများကို ကြားနေအတွေးဖြင့် သုတေသနပြု ရေးသားထားသောစာအုပ်ဖြစ်သည်။

မြန်မာ့သမိုင်းကို စိတ်ဝင်စားလေ့လာသူများ၊ ပုဂံသမိုင်းကို လေ့လာနေကြသူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် သမိုင်းအတွင်းပါဝင်ကြသော ဇာတ်ဆောင်များ၊ အဖြစ်အပျက်များမှ သင်ခန်းစာရယူနိုင်ပြီး သမိုင်းအမြင် ဗဟုသုတဖွံ့ဖြိုးစေရန် ရည်ရွယ်ထုတ်ဝေပါသည်။

စာအုပ်တွင် စာမျက်နှာ(၁၂၂) မျက်နှာပါဝင်ပြီး တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၃၀ လမ်းနှင့် ၃၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၈ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၁၅,၉၆၀) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၇၈၅) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၇၁၅) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

သို့ဖြစ်ပါ၍ (၃-၄-၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၄) ရက် ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇-၄-၂၀၂၂) ရက်နေ့မှစတင်၍ ယနေ့အထိ (၂၀) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

## (၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၂၁) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃၈) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၇၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၉၅) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၀၉) ခု | (၅) ဦး |
| **စုစုပေါင်း** | **(၈,၂၈၄) ခု** | **(၁၅) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၇၃၃၈၆၃ | ၈၀၅၀၆၉၃၆ | ၁၀၁၈၅၈၂ |
| ၂။ | အိန္ဒိယ | ၄၃၁၆၂၀၉၇ | ၄၂၅၂၃၃၁၁ | ၅၂၄၄၉ |
| ၃။ | ဘရာဇီး | ၃၀၃၅၅၉၁၉ | ၂၉၄၁၁၈၁၃ | ၆၆၂၇၇၇ |
| ၄။ | ပြင်သစ် | ၂၈၃၁၇၉၁၅ | ၂၆၀၈၃၂၆၄ | ၁၄၅၂၅၇ |
| ၅။ | ဂျာမနီ | ၂၄၂၂၇၆၈၀ | ၂၁၆၆၅၂၀၀ | ၁၃၄၈၁၇ |
| ၆။ | ဗြိတိန် | ၂၁၉၇၈၁၉၈ | ၂၀၉၅၄၇၈၀ | ၁၇၃၆၉၃ |
| ၇။ | ရုရှား | ၁၈၁၅၁၈၉၅ | ၁၇၄၉၅၃၈၂ | ၃၇၅၂၃၇ |
| ၈။ | တောင်ကိုရီးယား | ၁၇၀၀၉၈၆၅ | စိစစ်ဆဲ | ၂၂၃၂၅ |
| ၉။ | အီတလီ | ၁၆၁၆၁၃၃၉ | ၁၄၇၅၅၉၅၈ | ၁၆၂၇၈၁ |
| ၁၀။ | တူရကီ | ၁၅၀၂၁၁၅၁ | ၁၄၈၈၈၉၉၅ | ၉၈၇၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၅၇၁၇၇၂ | ၉၀၉၂၇၆၀ | ၄၃၀၇၂ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၅၀၄၃ | ၅၈၇၉၁၄၁ | ၁၅၆၁၆၃ |
| ၃။ | မလေးရှား | ၄၄၃၃၅၅၁ | ၄၃၃၀၀၃၇ | ၃၅၅၀၇ |
| ၄။ | ထိုင်း | ၄၁၉၄၆၈၄ | ၃၉၉၉၅၄၁ | ၂၈၀၂၂ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၄၈၃၅ | ၃၆၁၃၀၆၀ | ၆၀၁၉၅ |
| ၆။ | စင်ကာပူ | ၁၁၈၄၂၂၆ | ၁၁၁၅၈၂၉ | ၁၃၃၁ |
| ၇။ | မြန်မာ | ၆၁၂၇၈၅ | ၅၉၁၇၁၅ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၆၀၄၂ | ၂၀၃၄၁၁ | ၇၃၆ |
| ၉။ | ဘရူနိုင်း | ၁၄၁၄၀၅ | ၁၄၀၂၄၉ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၃၀ | ၁၃၂၉၆၈ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ နှာခေါင်းစည်း ၁၉ ဒသမ ၀၄ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၂၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Hemoflow ၉၂၁၆ ခုနှင့် ဆေးဝါးမျိုးစုံ ၄၃ မျိုး စုစုပေါင်း ၁၇၂၇၉၆ ဒသမ ၉၉ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

လွန်ခဲ့သည့် သုံးနှစ်အထက်ကျော်က နန်းကိန္နရီသည် အခြားသောအမည်တစ်ခုဖြင့် မန္တလေး၌ ကျင်လည်ခဲ့ဖူးသည်။ မန္တလေးလမ်းများပေါ်၌ ပြေးလွှားသွားလာဖူးသည်။ ရွှေတချောင်းနံဘေး၊ ကျုံးရိုးတစ်လျှောက်နှင့် ရေနီမြောင်းဝန်းကျင်တို့တွင် ဆော့ကစားဖူးသည်။ သည်စဉ်က နန်းကိန္နရီနေသောအရပ်မှာ ဥယျာဉ်တန်း။

ဥယျာဉ်တန်း။

အိမ်တစ်အိမ်ရှေ့တွင် မာစီဒီးကားထိုးဆိုက်လာသည်။ ကားပေါ်မှ သစ်လွင်တောက်ပသည့် အဝတ်အစားများဝတ်ဆင်ထားသော မိန်းမသုံးယောက် ဆင်းလာသည်။ ဤသည်ကို လမ်းအတွင်းရှိ စပ်စပ်စုစုနိုင်သူတို့ သတိထားကြသည်။ ဂရုတစိုက်လေ့လာမိသူများအနေနှင့် ယင်းမိန်းမသုံးယောက်တို့အနက် တစ်ယောက်သောသူကို မြင်ဖူးသည် ထင်မိ၏။ အသေအချာကြည့်မိ၏။ ထိုအခါ ယင်းအမျိုးသမီး၏မျက်နှာကို မှတ်မိလာသည်။ တင်တင်ရီအမည်ဖြင့် သည်ရပ်ကွက်၊ သည်လမ်း၊ သည်အိမ်မှာ နေခဲ့ဖူးသူပါကလား။

ကြည့်စမ်း။ ယခုတော့လည်း လူမှားချင်စရာပင်ကောင်းနေပါပကော။ မည်သို့မည်ပုံ ကြီးပွားနေပါလိမ့်စသည်ဖြင့် လူတို့တွေးကြသည်။

နန်းကိန္နရီနေခဲ့ဖူးသည်ဆိုသောအိမ်မှာ နှစ်ထပ်အိမ်တစ်လုံးဖြစ်သည်။ ဝိုင်းမှာ ကျယ်ပြန့်၍ သီးစားပင်များရှိသည်။ အိမ်တွင် အပြုအပြင်ကင်းမဲ့ခဲ့ဟန်တူသည်။

ပျက်စီးယိုယွင်းမှုများကို တွေ့နေရသည်။

ဝိုင်းထဲတွင် ကလေးငယ်တစ်သိုက် ဆူညံစွာ ပြေးလွှားဆော့ကစားနေခဲ့ကြသည်။ နန်းကိန္နရီတို့မော်တော်ကားဆိုက်လာလျှင် ကလေးများသည် ကစားခြင်းကို ရပ်တန့်ကာ ဆန်းကြယ်သောမျက်နှာထားကလေးများဖြင့် စူးစိုက်ကြည့်လာကြသည်။

နန်းကိန္နရီသည် ကလေးများထံတိုးသွားကာ အကြီးဆုံးမိန်းကလေး၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ထိုကလေးမှာ အသက်ဆယ့်နှစ်နှစ်အရွယ်ခန့်ရှိသည်။

"တူးတူး၊ မမကို မမှတ်မိတော့ဘူးလားဟင်"

နန်းကိန္နရီမေးသည်။ သို့ရာတွင် တူးတူးဆိုသူကလေးက ဘာမျှပြန်မပြော။ နန်းကိန္နရီအား စိန်းစိန်းကြည့်လျက်သာရှိသည်။

"ဖေဖေ မေမေတို့ကောဟင်"

သည်အမေးကို နှုတ်ဖြင့်မဖြေ။ အိမ်အတွင်းသို့ လက်ညှိုးထိုးပြသည်။

ယင်းအခိုက်မှာပင် အိမ်တံခါးပေါက်၌ မိန်းမတစ်ယောက်၏ အရိပ်အသွင်ပေါ်လာသည်။ အသက်မှာ လေးဆယ်နီးပါးရှိပုံရသည်။ ပိန်ပိန်ပါးပါး၊ အသားလတ်လတ်ထဲကဖြစ်သည်။ ကလေးများ၏မိခင်ဖြစ်ကြောင်း သိသာသည်။ ပူအိုက်နေလျက်က အနွေးထည်ဝတ်ထားသည်ကို ထောက်၍ နေထိုင်မကောင်းဖြစ်ကြောင်း ထင်ရှားသည်။

နန်းကိန္နရီသည် ယင်းမိန်းမအား မရွံ့မရဲ လှမ်းကြည့်သည်။

"ဩော်၊ ဘယ်သူများလဲလို့ လက်စသတ်တော့ ညည်းကို"

လူမမာနှင့်မတူလောက်အောင် မာကျောသောလေသံသည် ယင်းမိန်းမထံမှ ထွက်ပေါ်လာသည်။

အမျိုးသမီးက နန်းကိန္နရီ၏ပခုံးမှကျော်ကာ ဒေါ်ရေနံ့သာခင်ခင်ကြီးဘက်သို့ လှမ်းကြည့်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးကလည်း သူ့အား အကဲခတ်သလို ကြည့်နေကြသည်။

အမျိုးသမီး၏မျက်နှာမှာ တင်းမာသည်။ ခက်ထန်သည်။ တံခါးပေါင်ကိုမှီ၍ ရပ်ရင်း လက်တစ်ဖက်က ခါးထောက်ထားသည်။ ရင်းနှီးဖော်ရွေလိုသောအမူအရာကို တစ်စက်ကလေးမျှမပြ။ အားတုံ့အားနာသဘောဖြင့်ပင် အိမ်အတွင်းသို့ ဖိတ်ခေါ်လိုပုံမပေါ်။

"ကိုင်း ဆိုစမ်းပါဦး။ ဒီတစ်ခါ ဘာဒုက္ခပေးဦးမလို့လဲ"

အမျိုးသမီး၏ အမေး။

"ကျွန်မ ဒီတစ်ခါလာတာ ဒုက္ခပေးရအောင် မဟုတ်ပါဘူး။ စိတ်ချပါ။ ကျွန်မအတွက်နဲ့ ဘယ်သူမှ ဒုက္ခမရောက်စေရပါဘူး"

နန်းကိန္နရီ အဖြေပေးသည်။

"ဒါဖြင့် ဘာကိစ္စ"

"ဖေဖေနဲ့တွေ့ချင်လို့ပါ"

အမျိုးသမီး၏မျက်နှာမှာ ပိုမိုတင်းမာလာကြောင်း တွေ့ရသည်။

"ဖေဖေနဲ့တွေ့ချင်လို့"

အမျိုးသမီးက လှောင်ပြောင် သရော်လိုဟန်ဖြင့် နန်းကိန္နရီ၏စကားကို လိုက်ဆိုသည်။ ပြီးမှ "ညည်းဖအေ ဒီအိမ်မှာမရှိဘူး" ဆိုသည်။

"ဖေဖေ ဘယ်မှာလဲဟင်"

"ညည်းဖေဖေ သူတော်ကောင်းကြီးလေ၊ ဘုရားဖြစ်မယ့် အုတ်နီခဲကြီးလေ"

အမျိုးသမီးမှာ ပြောရင်းက ဒေါသဖြစ်လာဟန်ရှိသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ဘက်သို့ လှည့်၍တိုင်တည်သလိုဆိုသည်။

"ကြည့်ပါဦးရှင်။ ကျွန်မနဲ့ ဒီကလေးငါးယောက်ကိုထားခဲ့ပြီး ဘုန်းကြီးဝတ်သွားတယ်။ အခုဆိုရင် တစ်နှစ်ခွဲရှိနေပြီ။ သူ့တော့ လွတ်ရာလွတ်ကြောင်း လုပ်သွားတာ။ ကျွန်မမှာ ကလေးငါးယောက်နဲ့ ဘယ်လောက် ဒုက္ခရောက်ရမယ်ဆိုတာ ရှင်တို့ပဲစဉ်းစားကြည့်ပါဦး၊ နည်းနည်းမှ အသုံးကျတဲ့လူမဟုတ်ဘူး။ ထွီ၊ ဒီလိုလူစားမျိုးလား နိဗ္ဗာန်ရောက်မှာ"

နန်းကိန္နရီသည် ဘာပြောရမည်မသိတတ်သလို ဖြစ်သွားသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ကိုယ်တိုင်လည်း ဘာပြောရမည်မသိတတ်တော့။ အငေးသားဖြစ်နေကြရသည်။ မိမိတို့လာမိခြင်းမှာ လာခြင်းကောင်းသော လာခြင်းမျိုးမဟုတ်သည်ကို အလိုလို ရိပ်စားလာမိကြသည်အမှန်ပင်။

"ဘယ်ကျောင်းမှာလဲဟင်"

အတော်ချည်းကြာမှ နန်းကိန္နရီ၏အသံထွက်လာသည်။

"ဘုရားကြီးတိုက်ထဲမှာ။ ဒီမယ်တင်တင်ရီ၊ ညည်းကို ကျုပ်တောင်းပန်ပါတယ်။ ညည်းဖအေကိုညည်း ဒုက္ခပေးချင်ပေး၊ ကျုပ်ကို လာပြီးဒုက္ခမပေးဖို့တော့ ကျုပ်တောင်းပန်ပါတယ်"

"ကျွန်မ ပြောခဲ့ပြီကော။ ကျွန်မလာတာ ဘယ်သူ့ကိုမှ ဒုက္ခပေးဖို့မဟုတ်ပါဘူးလို့။ ပြီးတော့လည်း နောက်ဆိုရင် ဒီအိမ်ရိပ်တောင် ကျွန်မ လာမနင်းဘူးဆိုတာ ယုံပါ"

နန်းကိန္နရီ၏အသံမှာ အတော်ချည်းကျယ်လောင်လာသည်။ မျက်နှာထားမှာလည်း တင်းမာလာသည်။ သူသည် နောက်သို့ ချာခနဲလှည့်လိုက်သည်။

အရိပ်အခြည်ကို နားလည်နေမိပြီဖြစ်သော ဒေါ်ရေနံ့သာခင်ခင်ကြီးတို့သည် ကားအတွင်း ဝင်ထိုင်နေမိကြပြီဖြစ်သည်။

နန်းကိန္နရီ ကားထဲသို့ဝင်ထိုင်လိုက်လေလျှင် ကားသည် အိမ်ရှေ့မှ မောင်းထွက်ခဲ့လေသည်။

ရုတ်တရက်တွင် မည်သူမျှ စကားမပြောနိုင်ကြ။ ဘာပြောရမှန်း မသိတတ်သလို ရှိကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးအနေနှင့် မေးလိုသောမေးခွန်းများ၊ ပြောလိုသောစကားများ ရှိနေသည်။ သို့တိုင်အောင် မျက်နှာထား မှုန်နေဆဲဖြစ်သည့် နန်းကိန္နရီ၏ အသွင်အပြင်ကိုကြည့်ကာ မမေးရက်နိုင်အောင်ရှိသည်။ ဒေါ်ဝင်းရီကိုယ်တိုင်လည်း ဘာမျှမပြောနိုင်ဘဲရှိသည်။

လမ်းကွေ့ချိုးတစ်ခုသို့အရောက်၌ နန်းကိန္နရီက စကားဆိုသည်။

"ဘုရားကြီးတိုက်ကို သွားမလားဟင်"

သည်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီးက ပြောသည်။

"နေပေစေဦး အရီ၊ ဒီကနေ့အတွက် တော်လောက်ပါပြီ။ နောက်နေ့တွေကျမှပဲ သွားကြတာပေါ့။ တည်းအိမ်ကိုပဲ မောင်းတော့"

xxxxx

[၃]

လရောင်သည် အရှေ့ရိုးမမှ ကျော်လွန်ဖြာကျစ ပြုပေပြီ။ များစွာ လင်းထင်ခြင်းမရှိသေး။ မြူထုကို အားတင်းထိုးဖောက်နေရဟန်ရှိသည်။

သို့စေကာမူ နန်းကိန္နရီရှိသောနေရာသို့ လရောင်ရောက်လာစပြုပြီ။ သစ်ကိုင်း သစ်ရွက်တို့အကြားမှ ပြောက်တိပြောက်ကြား ယိုဆင်းလာစပြုပြီ။

နန်းကိန္နရီသည် ခြံရှေ့မြက်ခင်းရှိ ဒန်းပေါ်တွင် တစ်ကိုယ်တည်းထိုင်နေသည်။ တစ်နေ့လုံးလိုလိုပင် သူ၏စိတ်မှာ မငြိမ်သက်နိုင်။ လူကိုယ်တိုင်သည်လည်း ယောက်ယက်ခတ်လျက် ရှိရချေသည်။ နေ့လယ်က အဖြစ်အပျက် အတွေ့အကြုံသည် နန်းကိန္နရီ၏စိတ်ကို လှုပ်ရှားစေနိုင်စွမ်းရှိခဲ့ဟန်တူသည်။

နေ့လယ်ကအဖြစ်အပျက်သည် နန်းကိန္နရီ ယင်းအိမ်တွင် မနေနိုင်ဘဲ အငြိမ့်စင်ပေါ်သို့ရောက်ရှိခဲ့ခြင်း၏ သဲလွန်စကို မြင်တွေ့လာရသည်။ နန်းကိန္နရီ မန္တလေးမှသည် ရန်ကုန်သို့ ရောက်ရှိလာရခြင်းကို ယေဘုယျမျှ နားလည်လာသည်။

စောစောပိုင်းကဆိုလျှင် ဒေါ်ဝင်းရီသည် အိမ်အပေါ်ထပ်ဝရန်တာမှနေ၍ နန်းကိန္နရီအား စောင့်ဆိုင်းကြည့်ရှုနေသည်။

နန်းကိန္နရီအား ကြည့်ရသည်မှာ တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားနေပုံရသည်။ သူ၏စိတ်အစဉ်တွင် ရှုပ်ထွေးနောက်ကျိဖွယ်များ ပေါ်ပေါက်နေဟန်ရှိသည်။

ယခု ဒေါ်ဝင်းရီသည် အိမ်အပေါ်ထပ်မှဆင်းလာသည်။ နန်းကိန္နရီရှိရာသို့ လျှောက်ခဲ့သည်။

"လာ ဒေါ်ဒေါ်ဝင်း" ဆိုကာ နန်းကိန္နရီ နေရာဖယ်ပေးသဖြင့် ဒေါ်ဝင်းရီသည် နန်းကိန္နရီ၏နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"အရီ့အတွက် ဒေါ်ဒေါ်ဝင်းတို့ စိတ်မောနေရပြီထင်တယ်"

နန်းကိန္နရီ ဆိုသည်။

"ဒေါ်ဒေါ်ဝင်းတို့အတွက်က ကိစ္စမရှိပါဘူး။ အရီကိုယ်တိုင် စိတ်မောလူမောဖြစ်နေရတာက ဆိုးတာပါ၊ နေ့လယ်ကတွေ့ခဲ့ရတဲ့အမျိုးသမီးဟာ အတော်မချေမငံနိုင်တယ်နော် အရီ"

နန်းကိန္နရီက သက်ပြင်းရှိုက်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

"လရောင်သည် အရှေ့ရိုးမမှ ကျော်လွန်ဖြာကျစပြုပေပြီ။ များစွာလင်းထင်ခြင်း မရှိသေး။
မြူထုကို အားတင်းထိုးဖောက်နေရဟန်ရှိသည်။
သို့စေကာမူ နန်းကိန္နရီရှိသောနေရာသို့ လရောင်ရောက်လာစပြုပြီ။
သစ်ကိုင်း သစ်ရွက်တို့အကြားမှ ပြောက်တိပြောက်ကြား ယိုဆင်းလာစပြုပြီ။
နန်းကိန္နရီသည် ခြံရှေ့မြက်ခင်းရှိ ဒန်းပေါ်တွင် တစ်ကိုယ်တည်းထိုင်နေသည်။
တစ်နေ့လုံးလိုလိုပင် သူ၏စိတ်မှာ မငြိမ်သက်နိုင်။
လူကိုယ်တိုင်သည်လည်း ယောက်ယက်ခတ်လျက်ရှိရချေသည်။
နေ့လယ်ကအဖြစ်အပျက် အတွေ့အကြုံသည် နန်းကိန္နရီ၏စိတ်ကို . . ."

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အသံတိတ်နဲ့ ကျိတ်ငိုသည်

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ



**(ယခင်အပတ်မှအဆက်)**

မိဘတိုင်းဟာ သားသမီး ရတနာ ရလာပြီဆိုရင် ဒီသားသမီးလေးတွေ အရွယ်ရောက်အောင် ပြုစုခဲ့ရတာချည်း ပါပဲ။

သားယောက်ျားလေးမှန်းမသိ၊ သမီး မိန်းကလေးမှန်း မသိခင်ကတည်းက "သြော်-တို့မှာ ရင်သွေးရတနာရပြီဟေ့" ဆိုကတည်းက၊ သိကတည်းက၊ အဖေကလည်း အမေကို ဂရုစိုက်၊ ရင်သွေးကို ဂရုစိုက်ပေါ့။ နောက်ပြီး အမေဖြစ်သူကလည်း ဝမ်းထဲက ရင်သွေးအတွက် အသွားအလာ၊ အစားအသောက်၊ အနေအထိုင် အကုန်လုံးကို ဂရုစိုက်တော့တာ ပါပဲ။ မေတ္တာစေတ်ရဲ့ အေးမြတဲ့အရှိန်အဟုန်တွေပေါ့။

တချို့ဆိုရင် ငယ်တုန်းက စားခဲ့တဲ့၊ ကြိုက်ခဲ့တဲ့ အချဉ်တွေ၊ အစပ်တွေကို လုံးဝကိုမစားတော့ပါဘူး၊ ရှောင်လည်း ရှောင်နိုင်ကြပါတယ်၊ ရင်သွေးကို ချစ်တာကိုး။ မိဘရဲ့မေတ္တာပေါ့။

ဖြူလား၊ မည်းလား၊ ယောက်ျားလေးလား၊ မိန်းကလေးလား၊ ဘာရယ်ကို သေသေချာချာမသိသေးလည်းပဲ မိဘတွေဟာ ချစ်တာပါပဲ။

ဖြူလည်းချစ်မှာပဲ၊ မည်းလည်းချစ်မှာပဲ၊ ဆိုးလည်းချစ်မှာပဲ၊ ကောင်းလည်းချစ်မှာပဲဆိုတာက မေတ္တာရဲ့သဘောပါပဲ။

"မိဘစကား၊ ရင်ဝယ်ထားသည့်၊ ထူးခြားလိမ္မာ၊ သမီးသားရတနာသည်" တဲ့။

မိဘတိုင်းဟာ "သားသမီးတွေက တို့ရဲ့စကားကိုသေသေချာချာနားထောင်ကြလိမ့်မယ်၊ ရင်ထဲ အသည်းထဲအထိ သိမ်းထားကြလိမ့်မယ်။ တို့ကလည်း သားသမီး ကောင်းစားရေးအတွက် ဘာတွေဘာတွေလုပ်ပေးမယ်" ဆိုတဲ့ စိတ်ကူးတွေ ဆန္ဒတွေ ရှိခဲ့ကြပါတယ်။

ဒါပေမဲ့ အခုခေတ်အခါမှာ ခေတ်ကို ပြောချင်တာ မဟုတ်ပါဘူး၊ သားသမီးတွေ ဘက်ကို တစ်ချက်လှည့်ပြီး ကြည့်တဲ့ သဘောပါ။ များသောအားဖြင့် သားသမီးတွေဟာ မိဘစကား ရင်ထဲထားကြတဲ့ သူတွေဆိုတာ တော်တော်ကို နည်းနေပါပြီ။ "ဟာဗျာ-အဖေကလည်း"၊ "ဟာဗျာ-အမေကလည်း"လို့ ပြန်ပြောကြတာက များပါတယ်။

တချို့ဆိုရင် မိဘမပြောသေးခင် အရင်ကိုပဲ "ခင်ဗျားကြီးက ဘယ်လောက် နားလည်လို့လဲ"၊ "ခင်ဗျားတို့က ဘယ်လောက်သိလို့ လဲ"၊ "ဒါ-ခင်ဗျားကြီး တို့ခေတ် မဟုတ်တော့ဘူး"စတဲ့ အသုံးအနှုန်းတွေနဲ့ ပြောလည်းပြောတတ်ကြတယ်၊ အမူအရာတွေနဲ့လည်း လုပ်ပြတတ်ကြပါတယ်။

အခု-အဓိကထားပြီး ပြောပေး၊ ဟောပေးတာက အဲဒီလို သားသမီးတွေရှိခဲ့ရင် လျော့သွားအောင်၊ မရှိအောင်၊ ဖြစ်နေရင်လည်း မဖြစ်အောင်ပေါ့။

နောက်ပြီး ကိုယ်က သားသမီးတွေ အနေနဲ့ လူတိုင်းလူတိုင်းမှာ မိဘအဖြစ် မရောက်ကြသေးပေမယ့်၊ မဖြစ်ကြပေမယ့် သားသမီးဘဝအနေနဲ့တော့ နေဖူးကြတာချည်းပါပဲ။ နေနေကြတာချည်း ပါပဲ။

အဲဒီလိုဆိုတော့ သားသမီးဆိုး၊ သားသမီးမိုက်တွေ မဖြစ်ကြဖို့ ပြောပေး၊ ဟောပေးချင်တဲ့ သဘောပါပဲ။

သားသမီးတွေဟာ ဘာလို့များ မိဘစကားကို လက်မခံချင်ကြတာလဲ၊ မိဘကို ကက်ကက်လန် ပြန်ပြော၊ ပြန်ဆို၊ ဆိုတဲ့ အမူအရာတွေ လုပ်ကြသလဲဆိုရင် မိဘတွေရဲ့မေတ္တာကို မသိလို့၊ မိဘတွေရဲ့ မေတ္တာကို မခံစားတတ်လို့လို့ ပြောနိုင်ပါတယ်။

နောက်ပြီး သားသမီးတွေဟာ မိဘတွေရဲ့ မျှော်လင့်ချက်ကို မသိကြလို့ပါပဲ။

မိဘတိုင်းဟာ သားသမီးတွေအပေါ်မှာ မျှော်လင့်ချက်၊ ရည်မှန်းချက် ငါးမျိုး ထားကြပါတယ်။ လိမ္မာတဲ့၊ မိဘကို စိတ်ချမ်းသာစေလိုတဲ့ သားလိမ္မာ သမီးလိမ္မာလေးတွေဆိုရင် မိဘရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးကြပါတယ်။

တချို့ သားသမီးတွေက မိဘရဲ့ ကျေးဇူးတွေကို သိကြပါတယ်။ ဆပ်မကုန်နိုင်အောင် များမှန်းလည်း သိကြပါတယ်။ ဒါပေမဲ့မဆပ်တတ်ကြပါဘူး။ ဘယ်လို ဆပ်ရမလဲလည်း မသိကြပါဘူး၊ မိဘကျေးဇူးကိုသိလို့ ကျေးဇူးဆပ်ချင်ကြတယ်ဆိုရင် မိဘတွေရဲ့ မျှော်လင့်ချက်တွေကို ပြည့်စုံအောင် ဖြည့်ဆည်းပေးရပါမယ်။

ဒါကြောင့်မို့ မိဘတွေရဲ့ မျှော်လင့်ချက်တွေထဲက ပထမမျှော်လင့်ချက်က "သြော်-တို့က ပြုစုစောင့်ရှောက်ခဲ့တဲ့ သားသမီးတွေဟာ တို့ကလည်း အသက်အရွယ်ကြီးရင့်၊ သူတို့ကလည်း အရွယ်ရောက်လာပြီဆိုရင်၊ တို့ကို တစ်ခါပြန်ပြီး စောင့်ရှောက်ကြလိမ့်မယ်"လို့ မျှော်လင့်ကြပါတယ်။

နားလည်လွယ်အောင်ပြောရင် သားသမီးရဲ့ ပြုစုစောင့်ရှောက်မှုကို ခံယူချင်ကြပါတယ်။

ဟုတ်တယ်လေ၊ အဖေက ဖျားနေတယ်ဆိုရင် သားက၊ သမီးက လာပြီးတော့ နဖူးလေးကို လက်ဖဝါးလေးနဲ့ စမ်းလို့၊ အဖေ နေသာရဲ့လားလို့ မေးလိုက်ရင်လေ အဖေ့ရောဂါတွေ ဘယ်ရောက်ကုန်မှန်းတောင် မသိတော့ပါဘူး။

သားသမီးတွေက ခြေဖဝါးလေး ဆုပ်ကိုင်ကြည့်လို့ ကျောရိုးလေးနှိပ်လို့ "အမေ ဘာစားချင်လဲ ပြောနော်"လို့ ဆိုတာနဲ့ မချက်ပါနဲ့ဦး၊ မဝယ်ပါနဲ့ဦး၊ ချိုချိုသာသာနဲ့ ပါးစပ်က ပြောရင်ကိုပဲ မိဘတွေရဲ့ ရောဂါတွေဟာ ပျောက်ကုန်ကြပါတယ်။

ဟုတ်တယ်လေ၊ မိဘတွေဘက်ကလည်း တစ်ချက်လောက် စဉ်းစားကြဦးမှပေါ့၊ ဒီသားတွေ ဒီသမီးတွေကို ဟို-ငယ်ငယ်လေးကတည်းက၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် လူဖြစ်ချိန်က စပြီးတော့လို့ ပြောရမလိုပါပဲ။ ဒီလောက် အရွယ်ကြီးဖြစ်လာအောင် မိဘတွေက စောင့်ရှောက်ခဲ့တာပါ၊ ပြုစုခဲ့တာပါ။

မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်း စတဲ့အန္တရာယ်တွေကနေ ကင်းအောင်၊ မကျရောက်အောင် စောင့်ရှောက်ခဲ့ရပါတယ်။

နောက်ပြီး အို-သားသမီးများ ကျောပူခေါင်းပူထပြီဆိုရင် အရွယ်ကလည်းငယ်၊ အပူကလည်းကြီး၊ ဝက်သက်တို့၊ ကျောက်တို့ ပေါက်ပြီဆိုရင်၊ ဒါမှမဟုတ်၊ အအေးမိပြီး ဖျားပြီဆိုရင်လေ မိဘတွေကို ကြည့်လိုက်ပါဦး၊ ခြေမကိုင်မိ လက်မကိုင်မိ၊ ပျာယာကို ခတ်နေလိုက်တာ လွန်ပါရော၊ စိုးရိမ်တာနဲ့ မေတ္တာနဲ့ ရောနေတာကိုး။ **(ဆက်လက်ဖော်ပြပါမည်)**

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အသံတိတ်နဲ့ ကျိတ်ငိုသည်စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု ဝတ်စားဆင်ရာယဉ်ကျေးမှု(၅)

ဦးမင်းဟန်(ဘီအေ)

"ဘိုးလေးကို မေးစရာရှိလို့ပါ"

"မေးလေ၊ ဘာများ မေးစရာရှိလို့လဲ ပူစူးမရဲ့"

ပူစူးမဆက်ပြောလာမည့်စကားကို ဘိုးလေးကြွက်က လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

"မနေ့တုန်းက လေးလေးဖိုးတုတ်က ဘောင်းဘီတိုကြီးဝတ်ထားတာ ကြည့်ရတာတစ်မျိုးဖြစ်နေလို့ပါ"

"ဟုတ်တယ်နော်၊ ရွာထဲကသူတွေက သူ့ကို ဂေါ်ဖိုးတုတ်လို့ နာမည်တောင်ပေးထားသေးတယ်"

"သူကလည်း ခေတ်ဆန်တာကိုး ကိုဦးရဲ့။ ဘောင်းဘီတိုနဲ့ တီရှပ်လက်ပြတ်ပဲဝတ်တာလေ။ ဖိနပ်ကိုလည်းကြည့်ဦးလေ နောက်ပိတ်ဖိနပ်ပဲစီးတာ"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး အပြန်အလှန်ပြောနေကြသည်များကို ဘိုးလေးကြွက်က နားစွင့်နေသည်။ ပြီးမှ ဖြည်းဖြည်းချင်းပြန်ပြောသည်။

"ဒါကတော့ ဒီလိုရှိတယ်မြေးတို့ရဲ့။ ဖိုးတုတ်ကတော့ ငယ်ကတည်းက ဒီလိုပဲ ဝတ်စားလာတာ။ ခုလိုအသက်အရွယ်ရလာတဲ့အခါတော့ ကြည့်ရတာ တစ်မျိုးဖြစ်နေတာပေါ့"

"ဟုတ်ကဲ့ ဘိုးလေး။ ဝတ်စားဆင်ယင်မှုဟာ အသက်အရွယ်အလိုက် ကွဲပြားမှုတွေရှိသင့်တယ် မဟုတ်လားဘိုးလေးရဲ့"

"ဟုတ်တာပေါ့ ပူစူးမရေ။ မြေးပြောတာ မှန်ပါတယ်။ အသက်အရွယ်အလိုက် ဝတ်စားဆင်ရာယဉ်ကျေးမှုရှိဖို့တော့လိုတာပေါ့။ အသက်အရွယ်အားဖြင့် ကလေးဘဝမှာ ဝတ်ဆင်တဲ့အခါ နှစ်သက်ရာကို ဝတ်ဆင်လို့ရတယ်ဆိုပေမယ့် ကျား၊ မ ခွဲခြားဝတ်ဆင်ရတာမျိုးကိုတော့ ကွဲပြားကြသေးတာပါပဲ။ အသက်အပိုင်းအခြားအလိုက် ဝတ်သင့်တာကို ဝတ်ဆင်ဖို့လိုအပ်သလို မဝတ်သင့်တာကိုလည်း မဝတ်ဆင်ဖို့ လိုအပ်တယ်ကွယ့်"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ဝတ်စားဆင်ရာယဉ်ကျေးမှုအရ အသက်အရွယ်နဲ့လိုက်ဖက်ညီတဲ့ အရောင်အသွေးတို့၊ အဝတ်အထည်ပုံစံတို့ကို ရွေးချယ်ကြည့်ရှုကာ ယဉ်ကျေးသိမ်မွေ့စွာ ဝတ်ဆင်ဖို့ အရေးကြီးတယ်။ နိုင်ငံခြားသားတွေအနေနဲ့ လွတ်လပ်မှုကို ရှေ့တန်းတင်ကာ ဝတ်ချင်တာဝတ်ကြတာကို အတုခိုးမှားပြီး ကိုယ့်ယဉ်ကျေးမှုကို မေ့လျော့ကာ လွတ်လပ်မှုကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချပြီး ကိုယ်ကြိုက်တာ ကိုယ်ဝတ်တာပဲဆိုတာမျိုးကိုတော့ ရှောင်ရှားရမယ်နော်"

"ဟုတ်ကဲ့ပါဘိုးလေး။ ကျွန်တော့် ပတ်ဝန်းကျင်မှာ တွေ့နေရတာတွေကတော့ အမျိုးမျိုးရှိပါတယ်။ အချို့အသက်အရွယ်ကြီးရင့်တဲ့ အဘိုးအဘွားအရွယ်တွေကိုက ဝတ်ဆင်ကြတာ လူငယ်တွေတောင် ငေးယူရတဲ့အထိပါပဲ ဘိုးလေးရေ"

မောင်ထူး၏ စကားကို ဘိုးလေးကြွက်က နားစွင့်ရင်း ခေါင်းညိတ်နေလေသည်။ ပြီးမှ ရေနွေးကြမ်းပြည့်ပြည့် တစ်ခွက်ကို တစ်ကျိုက်တည်းမော့သောက်လိုက်သည်။

"မောင်ထူးပြောတာလည်း မှန်တာတွေရှိပါတယ်။ အချို့ကတော့ မြင်ရတာ အတော်လေးအရုပ်ဆိုးလွန်းပါတယ်။ ကျေးလက်ဒေသမှာထက် မြို့ကြီးပြကြီးတွေမှာ အမြင်မတော်တဲ့ဝတ်စားဆင်ယင်မှုတွေကို ပိုပြီးတွေ့နေရတယ်။ ခုခေတ်အခေါ်အရတော့ ခေတ်မီတာ၊ ခေတ်ဆန်တာ၊ ဗိုလ်ဆန်တာဆိုလား၊ ပတ်ဝန်းကျင်ကို မေ့ထားတာလား၊ အလေးမထားတာလား၊ ဂရုမစိုက်တာလား၊ ဘာလားမသိနိုင်အောင်ပါပဲကွယ် ကိုယ့်သဘောကိုယ်ဆောင်ပဲ ဆိုပါတော့။ အမြင်မတော်တာကိုတောင် ပြောမယ့်သူ မရှိဘူးဖြစ်နေတာ။ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာနဲ့ ပိတ်ထားသလိုပေါ့"

"ဟုတ်ကဲ့ဘိုးလေး၊ ရွာက လေးလေးဖိုးတုတ် ဝတ်ဆင်တာကတော့ အသက်အရွယ်နဲ့ မအပ်စပ်ဘူးလို့ ပြောလို့ရပေမယ့် အမြင်မရိုင်းဘူးလို့လည်း ပြောလို့ ရမလားဘိုးလေး"

ဘိုးလေးကြွက်၏ စကားအဆုံးမှာ ပူစူးမပြောလိုက်သည့်စကားကြောင့် ဘိုးလေးကြွက်ခမျာ တွေခနဲဖြစ်သွားရသည်။ အတန်ငယ်နှုတ်ဆိတ်နေရာမှ ဆက်ပြောသည်။

"ပူစူးမရေ၊ မြေးပြောသလို ဖြေပြောပြောရရင်တော့ အဲသလိုပဲပြောရမှာပေါ့။ ဒါပေမဲ့ ယဉ်ကျေးမှုအရပဲပြောပြော၊ ဝတ်စားဆင်ရာယဉ်ကျေးမှုရဲ့ မူဘောင်နဲ့ တိုင်းတာရင်တော့ မတင့်တယ်ဘူးပဲပြောရမှာပေါ့။ မအပ်စပ်ဘူးပဲပြောရမှာပေါ့။ ယဉ်ကျေးမှုနဲ့ တိုင်းတာရာမှာ အလေးအပေါ့ဆိုတာ မရှိဘူး၊ ဘက်လိုက်လို့လည်းမရဘူး။ လျှော့ပေါ့လို့လည်း မရဘူး၊ တိကျသေချာနေရမယ်။ အသက်အရွယ်ဆိုတဲ့ ကန့်သတ်ချက်မူဘောင်ပါနေတယ်။ တိကျနေရမယ်။ သေချာနေရမယ်ကွယ့်"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

မောင်ဦး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား ပြိုင်တူပြန်ပြောလိုက်ကြသည်။ ဘိုးလေးကြွက်က အဝေးသို့ ငေးကြည့်နေရာမှ လက်ဖက်သုပ်တစ်ဇွန်းယူစားလိုက်သည်။ ပြီးမှ စကားကို တစ်လုံးချင်းပြောလာသည်။

"အဝတ်အစား ဝတ်ဆင်တဲ့နေရာမှာ သိပ်အရေးကြီးတယ် မြေးတို့ရဲ့၊ အမှုမဲ့ အမှတ်မဲ့နေရင်တော့ ဘာမှမဖြစ်ဘူးပေါ့။ ဆိုပါစို့ကွယ် ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းတွေဆီသွားမယ်ဆိုရင် ဘုရားကျောင်းကန်နဲ့ သင့်လျော်တဲ့ အဝတ်အစားကို ဝတ်ရမယ်။ အိမ်မှာနေရင် အိမ်နဲ့သင့်လျော်တဲ့ အဝတ်ပေါ့။ ဈေးသွားမယ်ဆိုရင် ဈေးနဲ့သင့်လျော်တဲ့ အဝတ်အစားမျိုး၊ ပွဲလမ်းသဘင်သွားမယ်ဆိုရင် ပွဲလမ်းနဲ့ သင့်လျော်တဲ့အဝတ်၊ ကျောင်းသွားရင် ကျောင်းနဲ့ သင့်လျော်တဲ့အဝတ်အစား၊ ရုံးသွားရင် ရုံးနဲ့သင့်လျော်တဲ့အဝတ်၊ အလုပ်သွားရင် အလုပ်နဲ့သင့်လျော်တဲ့ အဝတ်အစားတို့ကို နေရာဌာနသင့်မြတ်အောင် ယဉ်ယဉ်ကျေးကျေး ဝတ်စားဆင်ယင်ရမယ်ကွယ့်"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

# အောင်ခြင်းရှစ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**နာဠာဂီရိဆင်ကိုအောင်မြင်ခြင်း**

"ချစ်သား ဒီရာဇဂြိုဟ်ပြည် ပတ်ဝန်းကျင်က ကျောင်းတိုက် ၁၈ တိုက်ရှိကြတဲ့ ရဟန်းအားလုံး ဘုရားနဲ့ အတူဆွမ်းခံကြွရမယ်လို့ လိုက်ပြီးအသိပေးပါ"

မြတ်စွာဘုရားက အရှင်အာနန္ဒာအား ခေါ်တော်မူကာ မိန့်ကြားတော်မူလိုက်သည်။ ထိုအချိန်က မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်တွင် သတင်းသုံးနေဆဲကာလဖြစ်လေသည်။

"ငါဟာ မင်းတို့ကို ရာထူးတက်အောင်လုပ်နိုင်သလို ရာထူးကျအောင်လည်း လုပ်နိုင်တယ်။ ဒီတော့ ငါခိုင်းတဲ့အတိုင်းလုပ်ကြ။ ဒီဆင်ဟာ အရက်ဘယ်နှအိုးသောက်သလဲ"

"ရှစ်အိုးပါ ဘုရား"

အရှင်ဒေဝဒတ်က အဇာတသတ်မင်း၏ ဆင်ဆိုးကြီးနာဠာဂီရိ ဆင်ထိန်းတော်တို့ကို မိန့်မှာလိုက်ရာ ဆင်ထိန်းတို့က ပြန်လည်ဖြေကြားလိုက်ခြင်းဖြစ်သည်။

"နက်ဖြန်ခါ အရက် ၁၆ အိုး တိုက်ပြီး ဘုရားဆွမ်းခံဝင်ရင် ဆင်ကို လွှတ်လိုက်ပါ"

အရှင်ဒေဝဒတ်၏ စကားကို ဆင်ထိန်းများကလည်း လိုက်လျောရလေသည်။

မြတ်စွာဘုရားကို ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုတော်မူသည်ကို ဒေဝဒတ်က မရှုဆိတ်နိုင်ပေ။ ဘုရားအား မတွေ့လို၊ မကြည့်လို၊ မမြင်လိုခြင်းကြောင့် အဇာတသတ်မင်းထံမှ ဆိုးသွမ်းရက်စက်သော လူသတ်ဆင်ဆိုးကြီးဟု အမည်တွင်သည့် နာဠာဂီရိဆင်ဖြင့် မြတ်စွာဘုရားအား နင်းသတ်ရန်ကြံစည်ကြိုးစားခြင်း ဖြစ်လေသည်။

"ယနေ့မှာ ဘုရားရှင်နဲ့ နာဠာဂီရိဆင်တို့ စစ်ခင်းကြမယ်တဲ့"

ရာဇဂြိုဟ်ပြည်ရှိ ပရိသတ်တို့မှာ အကောင်းအဆိုး ရောလျက်ပင်ရှိသေးသည်ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့က ယင်းသို့ အချင်းချင်း ပြောဆိုသတင်းပေးနေကြသည်။

"ဒီဆင်က သိပ်ကြမ်းတာပဲ၊ မြတ်စွာဘုရားကို ဖျက်ဆီးလိမ့်မယ်"ဟု ဆန့်ကျင်ဘက်ဘာသာဝင်တို့ကလည်း စိတ်ဝင်တစား ပြောဆိုနေကြလေသည်။

မြတ်စွာဘုရားအား မြင်လျှင်မြင်ချင်းမှာပင် အရက်တန်ခိုးဖြင့် မူးယစ်နေသည့် နာဠာဂီရိဆင်ကြီးသည် လမ်းမှ အိမ်များကိုနင်းခြေဖျက်ဆီးပြီး အမြီးထောင်ကာ အစွယ်နှစ်ချောင်းဖြင့် ချိန်လျက် တစ်ဟုန်ထိုး ပြေးဝင်လာတော့သည်။

"လမ်းဖယ်ပေးလိုက်ပါ ဘုရား"

မြတ်စွာဘုရားနှင့်အတူတူ ဆွမ်းခံကြွလာကြသည့် ရဟန်းတော်များက ဘုရားကို အကြိမ်ကြိမ်လျှောက်ထားကြလေသည်။

"ငါဘုရား ဆုံးမနိုင်ပါတယ်။ မကြောက်ကြပါနှင့်.."

မြတ်စွာဘုရားက ပြန်လည်မိန့်တော်မူလိုက်သည့်တိုင် ရဟန်းတော်များက စိုးရိမ်ပူပန်နေကြရှာသည်။ ဘုရား၏ သားတပည့်ရဟန်းတို့ကလည်း အမျိုးမျိုး လျှောက်ထားကြလေသည်။

"အဖေ့အတွက် ကျရောက်တဲ့ကိစ္စဟာ သားကြီးတာဝန်ပါပဲ၊ တပည့်တော် ဆင်ကို ဆုံးမပါရစေဘုရား"

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက မြတ်စွာဘုရားထံ ခွင့်ပန်လျှောက်ထားရာ ဘုရားကခွင့်မပြုချေ။ အခြားအခြားသော မဟာသာဝကကြီးတို့ကလည်း ဆင်ဆိုးကြီးအားဆုံးမခွင့်တောင်းဆိုကြသော်လည်း မြတ်စွာဘုရားက ခွင့်ပြုတော်မမူပေ။

"ငါ့ကိုသတ်ပြီးမှသာ မြတ်စွာဘုရားဆီသို့ ရောက်ပါစေ"

စိတ်မှာရည်မှန်းလျက် အရှင်အာနန္ဒာကလည်း ဆင်ဆိုးကြီးရန်မှ ကာကွယ်ရန်ဆုံးဖြတ်ပြီး မြတ်စွာဘုရား၏ရှေ့မှကျော်တက်ကာ ရပ်နေလေသည်။

"အာနန္ဒာ ဖယ်လေ၊ ငါဘုရားရဲ့ ရှေ့ကရပ်မနေနှင့်"

မြတ်စွာဘုရားက သုံးကြိမ်၊ သုံးခါ ဖယ်ခိုင်းသော်လည်းမရဘဲ အရှင်အာနန္ဒာက ဇွတ်ပေရပ်နေသဖြင့် မြတ်စွာဘုရားက တန်ခိုးတော်ဖြင့် အရှင်အာနန္ဒာအားယူ၍ ရဟန်းတော်များကြားတွင် ရွှေ့ထားလိုက်တော့သည်။

ထိုအချိန်မှာပင် ကလေးမိခင်တစ်ဦးက ဆင်ကြီးတရကြမ်းပြေးဝင်လာသည်ကို ကြောက်လန့်ပြီး ကလေးကိုပင်မခေါ်ယူနိုင်တော့ဘဲ ကိုယ်လွတ်ရုန်းထွက်ပြေးရရှာသည်။ ဆင်ဆိုးကြီးမှာ အမျိုးသမီးနောက်သို့ ဆက်မလိုက်တော့ဘဲ ယက်ကန်ယက်ကန်ဖြင့် အော်ငိုနေရှာသော ကလေးငယ်ထံသို့ နင်းသတ်ရန်သွားလေသည်။

"အို နာဠာဂီရိဆင် သင့်ကို လွှတ်သောဦးတည်ချက်ကား ငါဘုရားကို သတ်ဖြတ်ဖို့ဖြစ်တယ်။ အခြားသော ပုဂ္ဂိုလ်တွေကို မတိုက်ခိုက်ပါနှင့် ဒီကိုလာ၊ ဒီကိုလာခဲ့ပါ။ ဘုရားဆီကို ဖြောင့်ဖြောင့်သာလာခဲ့လေ့"

မြတ်စွာဘုရားက စိတ်ရိုင်းဝင်ကာ ဝုန်းဒိုင်းကြဲနေသော နာဠာဂီရိဆင်ကို မိန့်ကြားတော်မူလိုက်သည်။ ဘုရားမိန့်ကြားသံတော်သည် ဗြဟ္မာမင်း၏အသံ၊ ကရဝိက်ငှက်မင်း၏အသံတို့ကဲ့သို့ ချိုမြိန်သောအသံတော်ကို ကြားလိုက်ရသည့် တစ်ခဏမှာပင် ဆင်ဆိုးကြီးမှာ အရက်မူးပြေသွားတော့သည်။ ထောင်နေသော နှာမောင်းနှင့် အမြီးတို့မှာ အောက်သို့ကျလာတော့သည်။ နားရွက်ကြီးနှစ်ဖက်ကို ယပ်တောင်ပမာ တရစပ်ခပ်လျက် မြတ်စွာဘုရား ခြေတော်ရင်းတွင် ဒူးတုပ်ဝပ်ဆင်းရရှာလေသည်။

"အမောင် နာဠာဂီရိဆင်၊ သင်က တိရစ္ဆာန်ဆင်ဖြစ်တယ်။ ငါဘုရားက ဆင်မင်းဖြစ်တယ်။ ယနေ့ကစ၍ မမိုက်ပါနှင့်၊ လိမ္မာစမ်းပါ၊ မေတ္တာထားပါ၊ မေတ္တာပွားများပါလေ့"

မြတ်စွာဘုရားက လက်ယာလက်တော်ဖြင့် ဆင်ဦးခေါင်းကို ပွတ်သပ်ထိတွေ့ပြီး မေတ္တာတော်ရေအေးဖြင့် ဖျန်းပက်ဆုံးမကာ မေတ္တာထားပါဟု အစရှိသော နှစ်ဂါထာတို့ဖြင့် တရားဟော ဆုံးမတော်မူလေသည်။ အကယ်၍သာ နာဠာဂီရိဆင်မှာ တိရစ္ဆာန်မဟုတ်ပါက သောတာပန်ဖြစ်နိုင်သော်လည်း တိရစ္ဆာန် ဖြစ်နေသည့်အတွက် ထိုအခွင့်အရေး ဆုံးရှုံးရခြင်းဖြစ်လေသည်။

ဤသည်ကား မြတ်စွာဘုရားက နာဠာဂီရိဆင်ဆိုးကြီးအား မေတ္တာဓာတ်ဖြင့် အောင်မြင်မှုရရှိခဲ့ခြင်းပင် ဖြစ်ပေတော့သည်။ ။

■

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာ မင်္ဂလာ




**လိုက်နာကျင့်သုံးရေးမင်္ဂလာ**

**သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ။**
**ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ။**
**ဆွေမျိုးတွေကို ပြစ်မထားနဲ့၊ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။**
**သန့်စင်ပြစ်မျိုး လူထုကျိုး၊ သယ်ပိုးရွက်ဆောင်စေ။**
**အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။**

၃၈-ဖြာမင်္ဂလာကဗျာများထဲက ပဥ္စမမြောက်ကဗျာပေါ့ကွယ်။ "လိုက်နာကျင့်သုံးရေးမင်္ဂလာ" ကဗျာလို့ခေါ်တယ်။ လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါးကို ကဗျာအဖြစ် ဆရာကြီးဒဂုန်ဦးဆန်းငွေက ရေးစပ်သီကုံးခဲ့တာဖြစ်တယ်။

သားတို့သမီးတို့၊ မောင်တို့မယ်တို့ လူမှုဘဝဖြတ်သန်းမှုကာလတစ်လျှောက်မှာ လိုက်နာရမယ့်ကျင့်ဝတ်တွေ၊ သင်ကြားရမယ့် အတတ်ပညာတွေ၊ ယဉ်ကျေးမှုအတတ်ပညာတွေကို သိမြင်တတ်မြောက်စေရေးအတွက် အသိ၊ သတိပေးထားတဲ့ နည်းနာတွေပါပဲ။

ဘဝဖြတ်သန်းမှုမှာ အဆင်ပြေပြေနဲ့ အောင်မြင်ပျော်ရွှင်နိုင်ကြဖို့ လောကရဲ့ ဘဝဖြတ်သန်းမှုမှာ လိုက်နာကျင့်သုံးရေးဆိုင်ရာ အတတ်ပညာများကို သိမြင်နိုင်ကြစေရန် သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် မှတ်လို့လွယ်အောင် ရွတ်ဆိုရတာလွယ်ကူချောမွေ့အောင် သံပေါက်ကဗျာအဖြစ် ဖွဲ့ဆိုပေးထားတာလည်းဖြစ်တယ်။

၃၈-ဖြာမင်္ဂလာကဗျာဖြစ်လာဖို့အတွက် ဆက်ဆံရေးမင်္ဂလာသုံးပါး၊ နေထိုင်ရေးမင်္ဂလာ သုံးပါး၊ သင်ကြားရေး မင်္ဂလာလေးပါး၊ ပြုစုရေးမင်္ဂလာ သုံးပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး၊ စိတ်ထားရေး မင်္ဂလာ ငါးပါး၊ သည်းခံရေးမင်္ဂလာ လေးပါး၊ မြိုးမြဲရေးမင်္ဂလာ လေးပါး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာ လေးပါးတို့နဲ့ ဖွဲ့စည်းထားတာပေါ့ကွယ်။

ဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊ သည်းခံရေး၊ မြိုးမြဲရေး စိတ်ဓာတ်ကြံ့ခိုင်ရေးဆိုတဲ့ လူမှုဘဝရှင်သန်ရေးမှာ အရေးပါတဲ့ အချက်ကြီး ၁၀ ချက်ပဲပေါ့ကွယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝရှင်သန်မှု၊ ယဉ်ကျေးလိမ္မာနည်းလမ်းကောင်းတွေပဲပေါ့။

ဆက်ဆံရေးမင်္ဂလာသုံးပါးဖြစ်တဲ့ "နံပါတ်တစ်၊ အသေဝနာစ ဗာလာနံ၊ လူမိုက်ကိုမပေါင်းသင်းရ။ နံပါတ်နှစ်၊ ပဏ္ဍိတာနဥ္စ သေဝနာ၊ ပညာရှိကိုပေါင်းသင်းရမယ်။ နံပါတ်သုံး၊ ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်သူကို ပူဇော်ရမယ်ဆိုတာနဲ့ နေထိုင်ရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်တစ်၊ ပတိရူပဒေသဝါသောစ သင့်တင့်လျောက်ပတ်ကောင်းမြတ်သော အရပ်၌နေရမယ်။ နံပါတ်နှစ်၊ ပုဗ္ဗေစ ကတပုညတာ၊ ရှေးဘဝက ပြုခဲ့ဖူးသောကောင်းမှုရှိရမယ်။ နံပါတ်သုံး၊ အတ္တ သမ္မာပဏိဓိစ၊ အကျင့်သီလမပျက်ရအောင် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းရမယ်။ သင်ကြားရေးမင်္ဂလာလေးပါးဖြစ်တဲ့ နံပါတ်တစ်၊ ဗာဟုသစ္စဥ္စ၊ အကြားအမြင်များသူ ဖြစ်ရမယ်။ နံပါတ်နှစ်၊ သိပ္ပဉ္စ၊ စက်မှုလက်မှုအတတ်တတ်ရခြင်း။ နံပါတ်သုံး၊ ဝိနယောစသုသိက္ခိတော၊ ကိုယ်ကျင့်တရား ကောင်းမွန်ရမယ်။ နံပါတ်လေး၊ သုဘာသိတာစ ယာဝါစာ ချိုသာသောစကားကို ပြောဆိုရမယ်။ ပြုစုရေးမင်္ဂလာ သုံးပါးဖြစ်တဲ့ နံပါတ်တစ်၊ မာတာပိတု ဥပဋ္ဌာနံ၊ မိဘနှစ်ပါးကိုပြုစုလုပ်ကျွေးရမယ်။ နံပါတ်နှစ်၊ ပုတ္တဒါရဿ သင်္ဂဟော သားသမီး၊ ဇနီးမယားတို့ကို ပြုစုလုပ်ကျွေးထောက်ပံ့ရမယ်။ နံပါတ်သုံး၊ အနာကုလာစ ကမ္မန္တာ၊ သူတစ်ပါးကို မထိခိုက်စေဘဲ အနှောင့်အယှက်ကင်းသောအလုပ်ကို ပြုလုပ်ရမယ် ဆိုတာတွေကိုတော့ ပုံဝတ္ထုတွေနဲ့ ဖော်ပြခဲ့ပြီးပါပြီ။

"လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး"

၁။ ဒါနဉ္စ

၂။ ဓမ္မာစရိယာစ၊

၃။ ဉာတကာနဉ္စ သင်္ဂဟော

၄။ အနဝဇ္ဇာနိ ကမ္မာနိ

မြန်မာလိုအဓိပ္ပာယ်တွေကတော့

နံပါတ်(၁) ဒါနဉ္စ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။

နံပါတ်(၂) ဓမ္မာစရိယာစ သုစရိုက်တရားကို ကျင့်ခြင်း။

နံပါတ်(၃) ဉာတကာနဉ္စ သင်္ဂဟော၊ ဆွေမျိုးများကို ပေးကမ်းထောက်ပံ့ခြင်း။

နံပါတ်(၄) အနဝဇ္ဇာနိ ကမ္မာနိ၊ အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ခြင်း သို့မဟုတ် အများအကျိုးသယ်ပိုးခြင်းတို့ပေါ့ကွယ်။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အပါအဝင် လူတိုင်းလူတိုင်းအတွက် ဘဝဖြတ်သန်းမှုမှာ လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါးနဲ့အညီ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်ပျော်ရွှင်ကာ ချမ်းသာကြွယ်ဝတဲ့ ဘဝကို ပိုင်ဆိုင်နိုင်ကြမှာပဲ ဖြစ်တယ်။

စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်။

သုစရိုက်တရားကို ကျင့်ရမယ်။

ဆွေမျိုးတို့ကို ထောက်ပံ့ရမယ်။

အပြစ်ကင်းတဲ့အလုပ်တို့ကို လုပ်ရမယ် ဒါမှမဟုတ် အများအကျိုးသယ်ပိုးရမယ်။

မြန်မာလိုအနှစ်ချုပ်ပါပဲ။ ယနေ့လူငယ်လူရွယ် မျိုးဆက်သစ် သားတို့သမီးတို့၊ မောင်တို့မယ်တို့အပါအဝင် လူတိုင်းလူတိုင်း လိုက်နာကျင့်ဆောင်ရမယ့် လိုက်နာကျင့်သုံးရေးနည်းနာတွေပေါ့ကွယ်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၈၉ ဆူ | ၅၇၁ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၃၉ ခန်း | ၄၁၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၉ တိုင် | ၂၁ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၉၉ တိုင် | ၈၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၈၈ ခု | ၅၆၄ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၂ ကျင်း | ၂၀၈၈ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၇ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၉၄ ကျင်း | ၁၆၄၂ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** — **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** — **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအလှူရှင်စာရင်း

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၃၀၄။ | ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး နှင့်ဇနီး ဒေါ်ဥမ္မာမြင့်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၂၂၉၀၀၀၀၀ |
| ၂၃၀၅။ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိသားစု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၃၀၆။ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်ကော်မရှင်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၆၀၀၀၀၀၀ |
| ၂၃၀၇။ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၆)ကျောင်းဆင်းအရာရှိများနှင့်မိသားစုများ (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၉၀၀၀၀၀၀ |
| ၂၃၀၈။ | ရန်ကုန်တိုင်း တိုက်ကြီးမြို့နေ ဗိုလ်ကြီးမောင်ချစ်(ငြိမ်း)+ဒေါ်ရီမိသားစုနှင့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နေ ဦးသန်းဖေ+ဒေါ်အေးပုမိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၂၀၀၀၀၀၀၀ |
| ၂၃၀၉။ | အနန္တောအနန္တငါးပါးဦးထိပ်ထား၍ ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်ချိုချိုမြင့်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၃၁၀။ | ဒုတိယဗိုလ်မှူးကြီးလှဆင့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)အားရည်စူး၍ ဒေါ်ခင်နှင်းဆီနှင့်သားများ မိသားစုကောင်းမှု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၂၃၁၁။ | ဦးကျော်ကျော်စိုး နှင့်ဇနီး ဒေါ်ယဉ်ယဉ်သိန်းမိသားစု | နေပြည်တော် | ၂၅၀၀၀ |
| ၂၃၁၂။ | အရာခံဗိုလ်မောင်မောင်၊ ဗိုလ်ကြီးအောင်ဇော်လတ်၊ တပ်ကြပ်ကြီးစာရေးဇော်လင်းတို့အား ရည်စူး၍ ကျန်ရစ်သူ ဒေါ်ခင်သန်းမိသားစုကောင်းမှု | တောင်ငူမြို့ | ၃၀၀၀၀၀ |
| ၂၃၁၃။ | ဒေါ်တင်မြနှစ်(ပညာရေး-ငြိမ်း)၊ မြေး မောင်ကောင်းဆက်သာ | ရေဦးမြို့ | ၂၀၀၀၀၀ |
| ၂၃၁၄။ | မိဘများဖြစ်သော ဦးထွေးမောင် နှင့်ဇနီး ဒေါ်မြသွင်၊ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချစ်ဆွေအားရည်စူး၍ ဒေါ်ရင်ရင်မြကောင်းမှု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၃၁၅။ | ဦးရဲလင်းမောင်နှင့် ဇနီး ဒေါ်ရတနာဝင်းမောင်မိသားစု | ကျောက်ဖြူမြို့ | ၂၀၀၀၀ |
| ၂၃၁၆။ | ဗိုလ်မှူးသန့်ဝေလှိုင် နှင့်ဇနီး ဒေါ်အေးဆုမွန်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၂၃၁၇။ | ဦးဘိုဝင်းနှင့်ဇနီး ဒေါ်ဝင်းဝင်းမြင့်၊ ဦးဝင်းပြည့်ကျော်မိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀ |
| ၂၃၁၈။ | ဦးကျင်မွန်+ဒေါ်လှစိန်၊ ဗိုလ်ကြီးစိုးညွန့်တင်၊ မမေနှင်းစိုးတို့အားရည်စူး၍ ဒေါ်ဉာဏသီဂီနှင့် နယူးတောင်းစတိုးဆိုင်မိသားစု (Garden light-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၃၁၉။ | ဗိုလ်မှူးခန့်ဇော်လတ်(ကျဆုံး) အားရည်စူး၍ အဘွား ဒေါ်သိန်းကြည်၊ မိခင် ဒေါ်မြင့်မြင့်ဦး၊ အဒေါ် ဒေါ်ယဉ်မြတ်မင်း၊ ဒေါ်တင်လတ်မင်းမိသားစုကောင်းမှု (မဟာရံတံတိုင်းထောင့်တိုင်- ၁ တိုင်လှူဒါန်း) | မုံရွာမြို့ | ၁၅၀၀၀၀၀ |
| ၂၃၂၀။ | ဦးသက်မြင့်ဝေမိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၃၂၁။ | ဒေါ်ခင်သန်းထိုက်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၂၃၂၂။ | ဦးထင်မျိုး+ဒေါ်သင်းသင်းလှိုင် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၃၂၃။ | ဒေါ်သန်းသန်း (အထက်တန်းပြ-TTC) | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၃၂၄။ | မိဘများနှင့်မောင်လေး၊ သားလေးတို့အားရည်စူး၍ ဒေါ်အေးအေးမူမိသားစုကောင်းမှု | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၃၂၅။ | ဦးခိုင်သာထွန်းနှင့်ဇနီး ဒေါ်ထွားရင်တို့အားရည်စူး၍ ဒေါ်ခင်မြရင်ကောင်းမှု | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၂၃၂၆။ | ဒေါ်မိမိကြီး | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၃၂၇။ | ဒေါ်ငွေငွေလွင်နှင့် မောင်နှမတစ်စု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၃၂၈။ | ဦးရဲဝင်းနှင့်ဇနီး ဒေါ်အေးငွေမိသားစု | မြစ်ကြီးနားမြို့ | ၁၂၀၀၀၀ |
| ၂၃၂၉။ | ဦးယဉ်ထွေးနှင့်ဇနီး ဒေါ်လှလှထွေး (သမီးကြီး) ဗိုလ်ကြီးထွေးနန္ဒာ၊ (သမီးလတ်)ဗိုလ်ကြီးထွေးသဥ္ဇာ၊ (သားငယ်)ဗိုလ်လောင်းထက်မိုးအောင်မိသားစု | မကွေးမြို့ | ၁၀၀၀၀၀ |
| ၂၃၃၀။ | ကွယ်လွန်သူ ဦးထွန်းကြည်အားရည်စူး၍ ဒေါ်သိန်းမြင့်မိသားစုကောင်းမှု (Garden light-၃ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၃၆၀၀၀၀ |

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Dip in ELTM သင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Diploma in English Language Teaching Methodology (Dip in ELTM) (အင်္ဂလိပ်စာ သင်ကြားရေးနည်းပညာဒီပလိုမာ) သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| သင်တန်းအမည် | - | Diploma in English Language Teaching Methodology (Dip in ELTM) အင်္ဂလိပ်စာသင်ကြားရေးနည်းပညာ ဒီပလိုမာ |
| ပညာအရည်အချင်း | - | အသိအမှတ်ပြုထားသည့် တက္ကသိုလ် တစ်ခုခုမှ အင်္ဂလိပ်စာအဓိကဖြင့် ပထမဘွဲ့ရရှိသူ(သို့မဟုတ်)ရန်ကုန် ပညာရေးတက္ကသိုလ်မှ ဘီအီးဒီဘွဲ့ကို ELT အထူးပြုဘာသာရပ်ဖြင့်ရရှိသူ |
| သင်ကြားမည့်နေရာ | - | ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်ကြားပို့ချမည့်အချိန် | - | တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ် နံနက် (၇:၀၀)နာရီမှ (၉:၀၀)နာရီထိ |
| သင်တန်းကာလ | - | (၁၀)လ |
| သင်တန်းကြေး | - | တစ်လ(၂၀၀၀၀/-)ကျပ် |
| ပေးအပ်မည့်ဘွဲ့ | - | Diploma in English Language Teaching Methodology (Dip in ELTM) |
| လျှောက်လွှာလက်ခံမည့်ရက် | - | (၄-၅-၂၀၂၂)မှ (၁၃-၅-၂၀၂၂)အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | - | ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် | - | (၁၉-၅-၂၀၂၂)ရက်(ကြာသပတေးနေ့) နံနက် (၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ |
| လူတွေ့စစ်ဆေးမည့်နေ့ရက် | - | (၂၆-၅-၂၀၂၂)ရက်(ကြာသပတေးနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | - | ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်မည့်နေ့ရက် | - | (၂-၆-၂၀၂၂)ရက် (ကြာသပတေးနေ့) |
| လျှောက်လွှာလက်ခံမည့်နေရာ | - | ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန |
| စုံစမ်းရန် | - | ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း(၀၁-၅၃၄၂၇၃) |

**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Master of Arts (TEFL) သင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Master of Arts (Teaching of English as a Foreign Language) MA (TEFL) (အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ်သင်ကြားခြင်း) သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| သင်တန်းအမည် | - | Master of Arts (Teaching of English as a Foreign Language) MA (TEFL) အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း |
| ပညာအရည်အချင်း | - | အသိအမှတ်ပြုထားသည့် တက္ကသိုလ် တစ်ခုခုမှ ပထမဘွဲ့ကို အင်္ဂလိပ်စာအဓိက ဖြင့် ရရှိခဲ့ပြီး မဟာတန်းတက်ရောက်ရန် အဆင့်မီသူ (သို့မဟုတ်) ရန်ကုန်ပညာရေး တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဖွင့်လှစ်သော ဘွဲ့လွန်ဒီပလိုမာသင်တန်းမှ Diploma in ELTM ဘွဲ့လွန်ဒီပလိုမာ ရရှိပြီးသူ |
| သင်ကြားပို့ချမည့်အချိန် | - | တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ် (၁၃:၀၀)နာရီမှ (၁၇:၀၀)နာရီထိ |
| သင်တန်းကာလ | - | (၂)နှစ် |
| သင်တန်းကြေး | - | တစ်လ(၃၀၀၀၀/-)ကျပ် |
| ပေးအပ်မည့်ဘွဲ့ | - | Master of Arts (Teaching of English as a Foreign Language) MA (TEFL) |
| လျှောက်လွှာလက်ခံမည့်ရက် | - | (၄-၅-၂၀၂၂)မှ (၁၃-၅-၂၀၂၂)အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | - | ရေးဖြေနှုတ်ဖြေစာမေးပွဲများဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် | - | (၁၉-၅-၂၀၂၂)ရက် (ကြာသပတေးနေ့) နံနက် (၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| လူတွေ့စစ်ဆေးမည့်နေ့ရက် | - | (၂၇-၅-၂၀၂၂)ရက် (သောကြာနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | - | ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်မည့်နေ့ရက် | - | (၂-၆-၂၀၂၂)ရက် (ကြာသပတေးနေ့) |
| လျှောက်လွှာလက်ခံမည့်နေရာ | - | ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန |
| စုံစမ်းရန် | - | ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း(၀၁-၅၃၄၂၇၃) |

**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၄၀၇)၊ မြေကွက်တည်နေရာအမှတ်(၄၀၇)၊ ထွန်းသီရိ(၆)လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဖိုးလုံး(CA-၀၀၀၀၇၂)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးဖိုးလုံး(ဖခင်)နှင့် (မိခင်)ဒေါ်သိန်းတို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော ဒေါ်အေးမြင့်ကြည်[၁၂/ဒဂန(နိုင်)၀၁၃၈၀၈]၊ ဒေါ်မာလာ[၁၂/ဒဂန(နိုင်)၀၀၈၄၈၄]တို့မှ ကွယ်လွန်သူမိဘများတွင် သမီးအရင်းများဖြစ်သော မိမိတို့ညီအစ်မ(၂)ဦးသာ မွေးဖွားကြောင်း၊ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိကြောင်းနှင့် မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ထိန်းသိမ်းရေး)
## တည်ဆောက်ရေးလုပ်ငန်းများအတွက် "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ (၂၀၂၂-၂၀၂၃)ခု၊ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး၊ သရက်ခရိုင်၊ သရက် မြို့အား တည်ဆောက်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်

| လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | Lot No |
|---|---|---|
| မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊ သရက်မြို့ ဆည်မြောင်းနှင့်ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာစခန်း၊ | ရုံးအဆောင် (၁) (၄၃၉၂-Sft)RC ၁ထပ် အဆောက်အအုံ [ကျား/မ (၂)လုံးတွဲ ရေအိမ်(၂)လုံးအပါအဝင်]၊ (ရေ/မီးအပါ) | 1 |
| | ရုံးအဆောင်(၂) (၇၂'x ၃၈') RC ၂ထပ်အဆောက်အအုံ (ရေ/ မီး အပါ) | 2 |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက် | - | (၂၅-၄-၂၀၂၂)ရက် နံနက်(၉:၃၀)နာရီ |
| (ခ) | တင်ဒါလျှောက်လွှာအရောင်းပိတ်ရက် | - | (၃-၅-၂၀၂၂) ရက် (၁၆:၃၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန် | - | (၄-၅-၂၀၂၂) (ဗုဒ္ဓဟူးနေ့) (၁၆:၃၀)နာရီ အထိ (ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါလျှောက်လွှာရောင်းချမည့် နေရာနှင့် တင်သွင်းရမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (ဆည်မြောင်းရုံး)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့။ |
| (င) | တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | (၆-၅-၂၀၂၂)ရက် (သောကြာနေ့) နံနက် (၉:၃၀)နာရီ |
| (စ) | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ဧည့်ရိပ်သာ၊ မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန၊ (ထိန်းသိမ်းရေး)ရုံး၊ တောင်တွင်းလမ်းနှင့် မြို့ပတ်လမ်း ထောင့်၊ အောင်မင်္ဂလာရပ်ကွက် မကွေးမြို့။ |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(ဆည်မြောင်း)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့၊ ဖုန်း-၀၆၅-၂၁၀၉၃၊ ၀၆၅-၂၁၀၁၄၊ ၀၉- ၄၀၂၅ ၃၉၄၇၂၊ ၀၉- ၄၄၀၂၂၇၅၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ (ယခင်-ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)၊ (ယခု-ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၂၇၃)၊ အကျယ်အဝန်း ပေ(၄၀.၆x၆၀)ရှိ ဦးသက်တင်အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြောက်ဘက်ခြမ်းအကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထွေးဦး[၁၂/ဒဂမ(နိုင်)၀၀၀၅၃၂]+၁ တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်ထွန်းLL.B, LL.M** | **ဦးကောင်းထက်အောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၀၁)** |
| **ဒေါ်အေးမမစိုး LL.B** | **ဦးကျော်ကိုကိုလွင် LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၆၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၃၆၈)** |

**AUNG HTOO CHUN LAW FIRM တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်(ဘီ-၂)၊**
**၃၆လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၈၉၉၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၅၂၇)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးအောင်လွင်[၇/သကန(နိုင်)၀၅၉၈၉၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း ပေ(၂၀x၆၀) မြေကွက် [မြေကွက်အမှတ်(၅၂၆)နှင့် ကပ်လျက်ခြမ်းဖြစ်သောမြေကွက်]နှင့် ဂရန်မူရင်း စာရွက်စာတမ်းအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား ဦးအောင်လွင်ထံမှ ဆက်စပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဦးစိုးတင့်[၁၂/ဒဂတ(နိုင်)၀၂၃၃၉]မှ အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့် အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ဒေါ်အေးအေးသီ[၁၂/ရကန(နိုင်)၀၂၇၇၇၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်(၃၈၈)၊ အေးမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ အနောက်ပိုင်းရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၇၁)နေ ဦးအောင်မိုး[၁၄/ပတန(နိုင်)၀၁၇၇၅၁]မှ ဒေါ်နိုင်နိုင်ဝင်း[၁၄/ဓနဖ(နိုင်)၀၀၆၂၇၇] တို့မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း၊ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၅)ရပ်ကွက်၊ မြသဇင်လမ်း၊ မြေကွက်အမှတ်-၅၀၅/ခ၊ အလျား၂၀ပေ×အနံ၆၀ပေရှိ ဦးအေးလွင် အမည်ပေါက်ပါမစ်မြေကွက်အား ယခုအရပ်စာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးအောင်ချမ်းသာ(၁၂/ဒဂရ(နိုင်)၀၀၀၀၆၁) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးဆင့် နှင့် ၄င်း၏ခင်ပွန်း ဦးဇေဦးတို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးစုကြည်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၆)
၀၉-၄၃၁၇၁၆၅၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၁၀၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ အနောက်ပိုင်းရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၇၁)နေ ဦးအောင်မိုး[၁၄/ပတန(နိုင်)၀၁၇၇၅၁]မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း၊ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို(၁၂+၁)၊ အခန်း(၄၀၄)၊ (၄)လွှာ၊ (၇၅၀)စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းအား ၊ ယခုလက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်သန်းဝင်း(၇/ဝမန(နိုင်)၀၆၂၆၁၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေမွန်ကိုး(၉/မနတ(နိုင်)၀၁၄၀၀၄)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးစုကြည်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၆)
၀၉-၄၃၁၇၁၆၅၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၁)၊ ပုန်းညက်လမ်း၊ မြေကွက်အမှတ်-၃၄၈၊ အကျယ်အဝန်း ပေ(၄၃x၆၀)ရှိ ဦးမြလှိုင် (AA-၀၉၈၈၇၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ (ခြေရင်းခြမ်း) ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဝီစိတွင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှ အိမ်နှင့် မြေအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး အရှုပ်အရှင်းကင်းရှင်းသဖြင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဒေါ်ခင်မျိုးသန့်[၁၂/ဥကတ(နိုင်)၁၈၈၇၃၈]ထံမှ ဒေါ်မြမဥ္ဇူဝင်း [၁၂/စခန(နိုင်)၀၀၀၃၁၆]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့၊ အမှတ်(၂)၊ အိမ်သစ်တန်းရပ်၊ အိမ်အမှတ်(အ-၁၅)နေ ဒေါ်တင့်တင့်ခိုင် [၉/တတဥ(နိုင်)၀၀၄၆၆၀]၏ သားဖြစ်သူ မောင်ရဲဘုန်းဦး [၉/တတဥ(နိုင်)၁၃၉၀၅၅]သည် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**မိခင်- ဒေါ်တင့်တင့်ခိုင်**
**[၉/တတဥ(နိုင်)၀၀၄၆၆၀]**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၆၄၅/က)နေ ဦးအောင်မြင့်၊ ဒေါ်ကျင်နုတို့၏ သမီးဖြစ်သူ မလွဲလွဲဝင်း[၁၂/လသယ(နိုင်)၀၃၃၅၈၃]သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ငွေကြေးအရှုပ်အရှင်းများပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စများကိုမဆို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်တင်(LL.B)** | **ဒေါ်နှင်းဦးဝေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၆၄)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၁၀)** |
| **အမှတ်(၁၆၀/ခ)၊ ရွှေဝါထွန်း(၁)လမ်း၊** | **အမှတ်(၈၂၃/က)၊ မင်းဘူးလမ်း၊** |
| **(၁၂)ရပ်ကွက်၊ လှိုင်သာယာ** | **(၉)ရပ်ကွက်၊ လှိုင်သာယာ** |
| **(အနောက်ပိုင်း)မြို့နယ်။** | **(အနောက်ပိုင်း)မြို့နယ်။** |
| **ဖုန်း-၀၉-၂၅၂၈၀၄၆၂၅၊ ၀၉-၇၃၂၁၀၁၄၁** | **ဖုန်း-၀၉-၄၂၀၀၇၇၁၇၂** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈)၊ ဝဇီယာ(၂)လမ်း၊ မြေကွက်အမှတ်-၁၀၄၂၊ ဒေါ်ငွေးငွေးကြည် [၅/ကဘလ(နိုင်)၀၃၈၅၅၀]အမည်ပေါက်နှစ်(၆၀) ဂရန်မြေအမျိုးအစား အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ (ခေါင်းရင်းခြမ်း) ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံ (၁)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အားလုံးတို့အား အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၂၉၈/၂၀၁၉) ရရှိထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့် အပြည့်ရှိကြောင်းဝန်ခံကတိပြုလာသူ ဦးမြင့်သိန်းထွန်း[၁၄/ဘကလ(နိုင်)၀၀၁၈၄၉]ထံမှ ဒေါ်အေးအေးသီ[၁၂/ရကန(နိုင်)၀၂၇၇၇၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

